www.free4readers.com

PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ

သတင်းဂျာနယ်

www.pyimyanmarnews.com အမှတ် (၁၀၄၃) 13-9-2018 ( ကြာသပတေးနေ့ )

ရန်ကုန် မိုးပျံ အမြန်လမ်းမကြီးအတွက် ကြိုတင်အရည်အချင်းစစ် လျှောက်လွှာများ တင်နိုင်ပြီ စာ-၂

# ရှမ်းပြည်မြောက်ပိုင်း ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းမှ တစ်နှစ်လျှင် ဓာတ်အား ယူနစ် သန်း ၂၆၂၀ ထုတ်လုပ်ရန် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မည်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်ရှိ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းမှ တစ်နှစ်လျှင်ဓာတ်အား ယူနစ် ၂၆၂၀ သန်းထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် Notice to Proceed (NTP) ကို စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြင်သစ်နိုင်ငံ Electricite De France S.A (EDF)၊ ဂျပန်နိုင်ငံ Marubeni Corporation နှင့် မြန်မာနိုင်ငံဇရာဟာသ်ာကုမ္ပဏီတို့ကို ပေးအပ်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

"ဒီစီမံကိန်းက ထုတ်လုပ်မယ့်ဓာတ်အားက မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှာဖြစ်သလို အစိုးရအနေနဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေ ဖွံ့ဖြိုး တိုးတက်ရေးအတွက်သာမက လျှပ်စစ်ဓာတ် အားထုတ်လုပ်မှုလုပ်ငန်းတွေမှာ ပုဂ္ဂလိကကဏ္ဍက ပါဝင်ဆောင်ရွက်မှုကိုလည်း ကြိုဆိုတယ်ဆိုတာကို ပြတာဖြစ်ပါတယ်"ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း သည် ရှမ်းပြည်နယ်တွင်တည်ရှိပြီး ရွှေလီမြစ်ပေါ်ရှိ အဆင့်ဆင့်သောတမံများမှ တစ်ခုဖြစ်ကာ . . . . စာ-၃၄


Photo : MOEE

ရွှေလီရေအားလျှပ်စစ်စီမံကိန်းမြင်ကွင်း

ပြည့်ရည်ဖူး

# မြန်မာ့ကမ်းရိုးတန်း ရေပိုင်နက် လုံခြုံရေးအတွက် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းမည်

စာ-၁၀


Photo : stylewhack.com

အိန္ဒိယနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ မြင်ကွင်းတစ်ခု

မေငယ်

## ကြားဖြတ်ရွေးကောက်ပွဲအတွက် အာဏာရပါတီ ဆောင်ပုဒ်ပြောင်း၍ မဲဆွယ်

စာ-၁၀

## ပြည်တွင်းအခြေစိုက် မြန်မာလူမှုကွန်ရက် MM Social ကို စတင်အသုံးပြုနိုင်ပြီ

စာ-၂

## လျှပ်စစ်ကားများကို ပြည်တွင်း၌ ထုတ်လုပ်မည်ဖြစ်ပြီး ဓာတ်အားသွင်းနိုင်မည့်နေရာများကိုပါ ထားရှိမည်

စာ-၄

## အမြင့်ဆုံးတံတားကြီးဖြစ်လာမည့် ဂုတ်တွင်းတံတားကို ကမ္ဘာကျော်ဂုတ်ထိပ်တံတားနှင့် ယှဉ်၍တည်ဆောက်မည်

စာ-၆



ဟွန်တာမင် Homtamin ဂျင်ဆင်းမြစ် ရဲ့ထူးခြားမှုကြောင့်

ကျန်းမာရေးအတွက် ဟွန်တာမင်

- သွေးထဲရှိ အဆိပ်အတောက်များကို သန့်စင်ဖယ်ရှားပေးခြင်း၊
- ခွန်အားအထူးတိုးပွားစေခြင်း၊
- သွေးတွင်းသကြားဓာတ်များလျော့ကျစေခြင်း၊
- အစာကြေညက်စေခြင်း၊
- အမောလုံခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ သတိလုံကောင်းစေခြင်း၊
- သွေးတွင်းအဆီဓာတ်များလျော့နည်းစေခြင်း၊
- ကိုယ်ခံစွမ်းအားမြင့်တက်ခြင်း၊

စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်၊

သက်တောင့်ဆေး လိုအားကိုးနိုင်ပါတယ်။

Tel : 0973083319,09977111546(YGN), 092037314,09441012541(MDY), 09788886288(MLM), 0949350126(TGY)




ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်ပြီး နိုင်ငံပေါင်း(၁၂)နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ကိုရီးယားနိုင်ငံ MINISTRY OF COMMERCE, INDUSTRY AND ENERGY မှ ဆုတံဆိပ်(၂)ခု ချီးမြှင့်ခဲ့ပါသည်။

www.free4readers.com



# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုနှင့် သွားလာရေးခက်ခဲသောဒေသမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်သူများကို ဆေးတက္ကသိုလ်တက်ရောက်ခွင့် ပြုမည်

နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် **သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုဖြစ်သည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝတို့မှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

"**အထူးအခွင့်အရေးအနေနဲ့** ဆေးတက္ကသိုလ်ကို တက်ရောက်ခွင့်ပြုထားတာဖြစ်တဲ့အတွက် **ဘွဲ့ရပြီးရင် မိမိရဲ့ဒေသမှာ အနည်းဆုံးငါးနှစ်မပျက်မကွက် တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်**"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူ၊ အဆိုပါဒေသများတွင် အမြဲနေထိုင်သူ၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်အောင်မြင်သူ၊ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းများကို ယင်းဒေသများ တွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ယင်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသာ** လျှောက်ထားခွင့်ရမည်ဖြစ်ကြောင်းသိရသည်။ သို့သော် အဆိုပါ ဒေသများတွင်နေထိုင်သော်လည်း အခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ရှစ်တန်း၊ ကိုးတန်း၊ ၁၀တန်းကျောင်းသားများအား တက်ရောက်ခွင့်အတွက် **ခြွင်းချက်အနေဖြင့်** စဉ်းစားပေးမည် ဖြစ်ကြောင်း သိရသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ ဝင်ခွင့်လျှောက်လွှာများကို စတင်လျှောက်ထားနိုင်ပြီဖြစ်ပြီး စက်တင်ဘာလ ၂၈ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကာ မပြည့်စုံသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး

# ရန်ကုန်မိုးပျံအမြန်လမ်းမကြီးအတွက် ကြိုတင်အရည်အချင်းစစ် လျှောက်လွှာများ စတင်ခေါ်ယူ



ရန်ကုန်မိုးပျံအမြန်လမ်းမကြီး အတွက် ကြိုတင်အရည်အချင်းစစ် လျှောက်လွှာများစတင်ခေါ်ယူပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ဝန်ကြီးဌာနအနေနဲ့ Request for Qualifications (RFQ) နဲ့ စီမံကိန်းနဲ့စပ်လျဉ်းတဲ့ နောက်ခံသတင်း အချက်အလက်တွေပါဝင်တဲ့ Preliminary Information Memorandum (PIM) တို့ကို ပြင်ဆင်ထားပြီဖြစ်တဲ့ အတွက် စိတ်ဝင်စားသူတွေအနေနဲ့ စတင်လျှောက်ထားနိုင်ပြီဖြစ်ပါတယ်။ အရည်အချင်းပြည့်မီတဲ့ တင်ဒါအောင်မြင်သူတွေကိုဘဲ နောက်တစ်ဆင့်ဖြစ်တဲ့ စီမံကိန်းအဆိုပြုလွှာကို တင်သွင်းခွင့်ပြုမှာဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စိတ်ပါဝင်စားသူများသည် RFQ နှင့် PIM ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ ၁၅၀၀ အား Non-refundable Fee (ငွေပြန်မအမ်း) အနေဖြင့် ပေးသွင်းကာ ဝယ်ယူနိုင်မည်ဖြစ်ပြီး ကြိုတင်အရည်အချင်းစစ်လျှောက်လွှာဖိုးပေးသွင်းထားသည့် စိတ်ပါဝင်စားသူများကိုသာ လျှောက်လွှာတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ **ကြိုတင်အရည်အချင်းစစ်လျှောက်လွှာများကို အောက်တိုဘာလ ၃၀ ရက်နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး** ပြည်တွင်း သို့မဟုတ် ပြည်ပမှ စိတ်ဝင်စားမှုရှိသော လုပ်ငန်းရှင်များအနေဖြင့် RFQ တွင် ပါဝင်သော စံချိန်စံညွှန်းများအတိုင်း ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မိုးပျံအမြန်လမ်းမကြီးသည် **ရန်ကုန်မြို့တွင်း၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းများသို့ ပိုမိုလွယ်ကူစွာ သွားလာနိုင်စေမည်ဟု** မျှော်မှန်းထားကြောင်း သိရသည်။

**အဆိုပါ မိုးပျံလမ်းကို ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး သုံးနှစ်အတွင်း အပြီးတည် ဆောက်မည်ဖြစ်ကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဇူလိုင်လ ၃၀ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော်၌ ပြောကြားခဲ့သည်။

ပြည့်ရည်ဖူး

photo: phoenix-emperor.com

# ဆူဇူကီးပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲ ခုနစ်ပွဲစီစဉ်ထားပြီး ကာတာလေ့ကျင့်ရေး ခရီးစဉ်အတွက် ကျပ်သိန်း ၂၀၀၀ခန့် ကုန်ကျမည်ဟု ဆို

၂၀၁၈ အာဆီယံဆူဇူကီဖလားမတိုင်မီ **မြန်မာ့လက်ရွေးစင်အသင်းကြီးအတွက် ခြေစမ်းပွဲ ခုနစ်ပွဲကစားသွားရန်စီစဉ်ထားပြီး ပွဲမတိုင်မီ အနီးကပ်သွားရောက်လေ့ကျင့်မည့် ကာတာလေ့ကျင့်ရေး နိုင်ငံခြားခရီးစဉ်အတွက် အနည်းဆုံးကျပ်သိန်း ၂၀၀၀ အထိကုန်ကျနိုင်ကြောင်း** မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းကပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀ ရက်တွင် **အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားနိုင်ငံ၌** နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်တွင် **ရန်ကုန်၌ အာဇဂန်နစ္စတန်အသင်းနှင့်** ထပ်မံကစားသွားမည်ဖြစ်သည်။ "ကာတာ လေ့ကျင့်ရေးခရီးစဉ်မှာ ခြေစမ်းပွဲငါးပွဲကစားဖို့ စီစဉ်ထားတယ်။ **ကာတာက လပ်အသင်းတွေနဲ့ရော အရှေ့အလယ်ပိုင်း နိုင်ငံလက်ရွေးစင်အသင်းတွေနဲ့ပါ** ကစားနိုင်ဖို့ ချိတ်ဆက်ထားတယ်။ ယူအေအီးနဲ့ အိုမန်အသင်းတွေကို ပြောထားတယ်။ နှစ်သင်းစလုံးနဲ့ ရရင် ကလပ်အသင်းနဲ့က သုံးပွဲပေါ့။ ယူအေအီးတစ်သင်းပဲရရင် ကလပ်အသင်းတွေနဲ့က လေးပွဲကစားသွားမှာဖြစ်ပါတယ်။ ကလပ်အသင်းတွေကလည်း မြင့်တဲ့အသင်းနဲ့ကစားခွင့်ရဖို့ ကာတာဘောလုံးအဖွဲ့ချုပ်ကို မေတ္တာရပ်ခံထားတယ်"ဟု ဦးကိုကိုသိန်းက ပြောသည်။ ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို **လာမည့် နိုဝင်ဘာ ဒုတိယအပတ်တွင် စတင်သွားမည်ဖြစ်ပြီး** လက်ရွေးစင်အသင်းသည် ပြိုင်ပွဲအနီးကပ် နိုင်ငံခြားလေ့ကျင့်ရေးခရီးစဉ်အဖြစ် **အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၅ရက်အထိ ကာတာနိုင်ငံတွင် လေ့ကျင့်သွားမည်ဖြစ်**သည်။

"လာမယ့် ဆူဇူကီးပြိုင်ပွဲအတွက် အသင်းတိုင်းက အကောင်းဆုံးပြင်ဆင်ထားကြ မှာပဲ။ ကျွန်တော်တို့ဘယ်အသင်းကိုမှ လျှော့တွက်လို့မရပါဘူး။ ကျွန်တော်တို့ အသင်းကတော့**အနည်းဆုံး ဆီမီးဖိုင်နယ်လောက်ရောက်ဖို့**ကို ပြင်ဆင်ဆောင်ရွက်နေတယ်။ အဲ့ဒီကနေဖိုင်နယ်အထိပေါ့၊ တစ်ပွဲချင်းစီကို အကောင်းဆုံး အာရုံစိုက်သွားမှာဖြစ်ပါတယ်"ဟု ယင်းကပြောသည်။ လာမည့်အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် **မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုအသင်းများနှင့် အတူကျရောက်နေပြီး** နိုဝင်ဘာ ၁၂ရက်တွင် ကမ္ဘောဒီးယား၊ ၂၀ရက်တွင် ဗီယက်နမ် အသင်းများကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ကာ နိုဝင်ဘာ ၁၆ရက်တွင် လာအို၊ ၂၄ရက်တွင် မလေးရှားအသင်းတို့နှင့် အဝေးကွင်း၌ သွားရောက်ကစားရမည်ဖြစ်သည်။ **ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကိုလည်း အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့်ယှဉ်ပြိုင် ကစားသွားစေမည် ဖြစ်**သည်။ ထို့ကြောင့် အောက်တိုဘာလအတွင်း ကစားမည့် နိုင်ငံတကာခြေစမ်းပွဲကိုလည်း အဝေးကွင်းတစ်ပွဲနှင့် အိမ်ကွင်းတစ်ပွဲ စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

မိုင်းစောလွင်

# မြန်မာလူမှုကွန်ရက် MM Social ကို စတင်အသုံးပြုနိုင်ပြီ

ပြည်တွင်းအခြေစိုက် လူမှုကွန်ရက်တစ်ခုဖြစ်သော **MM Social ကို စက်တင်ဘာ ၈ ရက်မှစ၍ စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး ၁၀ နာရီအတွင်း သုံးစွဲသူ ၂၀၀၀ ကျော်ထိရှိခဲ့ကြောင်း** MM Social Zone Co.,Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ကိုရန်နိုင်မြင့်ထံမှ သိရသည်။

MM Social ကို Develop နှင့် Deploy ပြုလုပ်ခြင်းအတွက် အချိန်သည် နှစ်လခန့်သာကြာမြင့်ခဲ့သည့် အတွက် လက်ရှိရေပန်းစားနေသည့် Social Network များနှင့်ယှဉ်ပါက ဘယ်လိုမှ ယှဉ်နိုင်သေးမည်မဟုတ်ကြောင်း၊ **လက်ရှိအချိန်တွင် Social Network တစ်ခုတွင် ရှိသင့်ရှိထိုက်သည့် အခြေခံ Feature များကို အသုံးပြုနိုင်မည်ဖြစ်ပြီး** Feature အသစ်များကို ထပ်မံတိုးမြှင့်သွားဖို့ရှိကြောင်း၊ **Register ပြုလုပ်ရာတွင် မိမိအမှန်တကယ်အသုံးပြုသော ဖုန်းနံပါတ်များကို ထည့်သွင်းစေလိုကြောင်းနှင့် Account များတည်ဆောက်ရာတွင် နာမည်အရင်းများကို အသုံးပြုစေလိုကြောင်း** ကိုရန်နိုင်မြင့်က အသိပေးထားသည်။

အဆိုပါ MM Social လူမှုကွန်ရက်တွင် **Facebook နီးတူ User Profile တည်ဆောက်ခြင်း၊ Post များတင်ခြင်း၊ Like၊ Comment၊ Share များပြုလုပ်နိုင်ခြင်း စာတိုပေးပို့နိုင်ခြင်း၊ Page ပြုလုပ်နိုင်ခြင်း၊ Group များ တည်ဆောက်ခြင်းများ**ကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး **အသံခေါ်ဆိုခြင်း၊ Video Call ပြောဆိုခြင်းနှင့် Live လွှင့်ခြင်း**များကို လုပ်ဆောင်နိုင်မည်မဟုတ်**သေးဘဲ လပိုင်းအတွင်း အဆိုပါ လုပ်ဆောင်ချက်များကို ထည့်သွင်းပေးသွားမည်**ဟုဆိုသည်။

MM Social တွင် မြန်မာစာစနစ်ကို အထူးထောက်ပံ့ထားပြီး ပြည်တွင်းသုံးစွဲသူများ ကြုံတွေ့နေရသည့် **မြန်မာစာ စံစနစ် (Unicode) အသုံးပြုသူနှင့် အသုံးမပြုသူ (Zawgyi) များကြား ကွာဟမှု မရှိစေရန်အတွက် မည်သည့်စနစ်နှင့် ဖောင့်ကို အသုံးပြုသည်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် စာလုံးများကို မှန်မှန်ကန်ကန် ဖတ်ရှုနိုင်ရန် ပြုလုပ်ပေးထားသည်**ဟုလည်းသိရသည်။

MM Social ကို လက်ရှိအချိန်တွင် **http://mmsocial.net တွင် အသုံးပြုနိုင်မည်ဖြစ်ပြီး အပလီကေးရှင်းကို စက်တင်ဘာလကုန်တွင် ထုတ်ပေးသွားရန်စီစဉ်ထားကြောင်း**လည်း သိရသည်။**ကောင်းမြတ်ရာ**

# Miss Palmolive Myanmar 2018 ရွေးချယ်မည်



Miss Palmolive Myanmar 2018 **စတင်ရွေးချယ်ရန်အတွက် မိတ်ဆက်ပွဲကို** စက်တင်ဘာ၄ရက်က ရန် ကုန်မြို့ရှိ Junction City တွင် ပြုလုပ်ခဲ့သည်။ အဆိုပါပွဲအတွက် ပါဝင်လိုပါက **ဆံကေသာအလှဓာတ်ပုံကို Palmolive Myanmar Page တွင် တင်သွားရမည်ဖြစ်ကြောင်း** သိရသည်။ ယင်းအစီအစဉ်ကို စက်တင်ဘာ ၁၂ ရက်နေ့မှ စတင်၍ အောက်တိုဘာ၂၄ ရက်နေ့နောက်ဆုံးထား၍တင်သွားရမည်ဟု သိရသည်။ ယင်းပြိုင်ပွဲဝင်များထဲမှ **အလှဆုံးသူတစ်ဦး ရွေးချယ်သွားမည်ဖြစ်ပြီး ဆုရရှိသူကို ငွေကျပ်ဆယ်သိန်းအပြင် အခြားလက်ဆောင်များကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဟုသိရသည်။** ၀၂၅

www.free4readers.com



## စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဧရိယာအဖြစ် ၁၁၈ ဒသမ ၅ ကီလိုမီတာ တိုးချဲ့သတ်မှတ်



ဓာတ်ပုံ - WCS Myanmar

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ အဖြစ် ၁၁၈ ဒသမ ၅ ကီလိုမီတာကို တိုးချဲ့သတ်မှတ်လိုက်ကြောင်း ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးအဖွဲ့မှ Landscape Coordinator ဦးနိုင်လင်းက စက်တင်ဘာလ ၇ ရက်တွင် ပြောသည်။

ဧရာဝတီလင်းပိုင်တိုးချဲ့ထိန်းသိမ်းရေးဧရိယာအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ထုံးရဲကျေးရွာ (အရှေ့ဘက်ကမ်း)နှင့် ဆင်ကုန်တိုင်ကျေးရွာ (အနောက်ဘက်ကမ်း) ဧရာဝတီမြစ်ကြောင်းမှစ၍ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၊ မောင်ကုန်းကျေးရွာ (အရှေ့ဘက်ကမ်း) နှင့် ကျွန်းကြီးကျေးရွာ (အနောက်ဘက်ကမ်း) **ဧရာဝတီမြစ်ကြောင်းအထိ ၉၀ ဒသမ ၅ ကီလိုမီတာကို သတ်မှတ်ခဲ့**ခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ တူးချောင်းရွာဘက်ကမ်းနှင့် တူးချောင်းရွာ၏ တစ်ဖက်ကမ်း ဧရာဝတီ မြစ်ကြောင်းမှစ၍ ကချင်ပြည်နယ်၊ ဗန်း မော်ခရိုင်၊ ရွှေကူမြို့နယ်၊ သပြေလှ ကျေး ရွာ (အရှေ့ဘက်ကမ်း) နှင့် သပြေလှ ကျေးရွာ (အနောက်ဘက်ကမ်း) **ဧရာဝတီ မြစ်ကြောင်းအထိ ၂၈ ကီလိုမီတာ စုစု ပေါင်း ၁၁၈ ဒသမ ၅ ကီလိုမီတာကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ (Ayeyarwaddy Dolphin Protected Area) အဖြစ်** ကချင်ပြည်နယ် အစိုးရ အဖွဲ့၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တို့က ထပ်မံတိုးချဲ့သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ "**၂၀၁၅ ခုနှစ်က မင်းကွန်းနဲ့ကျောက် မြောင်းကြား ၇၂ ကီလိုမီတာကို သတ်မှတ်ထားရာကနေ အခု ထပ်မံအသစ်တွေကြေညာလိုက်**တာပါ။ အဓိကတော့လင်းပိုင်အကောင်ရေ မကျသွားဖို့ တိုးလာဖို့အတွက်ပါ။ လင်းပိုင်တွေရှိပေမယ့် မကြေညာနိုင်တဲ့နေရာတွေလည်း ရှိပါသေးတယ်။ **လင်းပိုင်အကောင်ရေအနေနဲ့ ၂၀၁၇ ခုနှစ်က ၆၉ ကောင်ရှိရာကနေ ၂၀၁၈ ခုနှစ်မှာတော့ ၇၆ ကောင် တိုးလာတာတွေရပါတယ်**" ဟု ဦးနိုင်လင်းကပြောသည်။ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး တိုးချဲ့ဧရိယာသစ် ထူထောင်နိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့သည် အဆိုပါဧရိယာထဲရှိ ကျေးရွာ ၅၀ ကျော်ကို အသိပညာပေးလုပ်ငန်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဧရာဝတီလင်းပိုင်များသည် မန္တလေး မြို့မှ ကချင်ပြည်နယ်၊ ဗန်းမော်အထိ ကီလိုမီတာ ၄၀၀ ခန့် ရှိ သုံးနေရာတွင် ကျက်စားလျက်ရှိကာ** မန္တလေးမြို့ မှ ကျောက်မြောင်း အကြားတွင် ၂၆ ကောင်၊ မလယ် (ရွာ) မှ ရွှေကူ (မြို့) အကြားတွင် ၃၇ ကောင်၊ ဆင်ခန်း မှ ဗန်းမော် အကြားတွင် ၁၃ ကောင် စုစုပေါင်း ၇၆ ကောင် ရှိကြောင်းသိရသည်။

**ရှိန်းဝင်းထိုက်**

## ငွေတောင်ဆည်အနီးရှိ မြေဧက ၁၀၀ တွင် တိုင်းရင်းသား လူနေမှုပုံစံ၊ ရိုးရာအိမ်များကိုလေ့လာနိုင်ရေး လုပ်ဆောင်မည်



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည် ပတ်ဝန်းကျင်တွင် တိုင်းရင်းသားလူမျိုးစု ကိုးမျိုး၏ လူနေမှုပုံစံ၊ ရိုးရာအိမ်များ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ခရီးသွားများ တစ်စုတစ်စည်းလေ့လာနိုင်ရေးအတွက် **မြေဧက ၁၀၀ တွင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း** ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးပညာရှင် ဦးကျော်သီဟပြောကြားချက်အရ စက်တင်ဘာလ ၇ ရက်တွင် သိရသည်။ **တိုင်းရင်းသားများ၏ လူနေမှုပုံစံ၊ ရိုးရာအိမ်၊ စိုက်ကွင်း၊ ရိုးရာအထည်၊ အထိမ်းအမှတ်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် လိုအပ်သည့်လက်မှုပညာများကို ဒေသတွင်းတိုင်းရင်းသားအကူအညီဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ** လုပ်ဆောင်မည်ဖြစ်ကာ လူမျိုးစုအလိုက် အထင်ကရ အထိမ်းအမှတ်များထားရှိပေးသွားမည်ဖြစ်ကြောင်းသိရသည်။ "ဒေသခံတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေ၊ သမိုင်းဝင်အမွေအနှစ်တွေဖော်ထုတ်ပြီး ခရီးသွား ဆွဲဆောင်နိုင်ရေးလုပ်မှာပါ။ **ကန်ထဲမှာ ရိုးရာလက်ထိုးလှေတွေနဲ့အပန်းဖြေနိုင်အောင် အပြင် ကန်ဘောင်ပတ်လည်မှာလည်း ဒေသထွက် အလှပန်းတွေစိုက်မယ်။ လေညင်းခံအပန်းဖြေရင်း ဒေသထွက်ရိုးရာအစားအစာ စားသုံးနိုင်ဖို့နဲ့ ခရီးသွားတွေ ရိုးရာဝတ်စုံနဲ့ မှတ်တမ်းဓာတ်ပုံရိုက်ကူးနိုင်ဖို့စီစဉ်ထားပါတယ်**" ဟု ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ခရီးသွားပြည်သူများအနေဖြင့် အဆိုပါ တိုင်းရင်းသားလူမျိုးစုများနေထိုင်မှုပုံစံများကို စိတ်ပါဝင်စားပြီး မူရင်းဒေသသို့သွားရောက်လေ့လာလိုပါက လွယ်ကူစေရေးအတွက် Location Map များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ခရီးသွားကဏ္ဍအတွက် **ဒီးမော့ဆိုမြို့နယ်ရှိ ကန်စုနစ်ဆင့်တွင်လည်း ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ထား**ပြီး ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ကန်ခုနစ်ဆင့်သို့ လာရောက်လေ့လာသူများရှိသော်လည်း နိုင်ငံခြားဝင်ငွေရရှိရေးကိုသာ မျှော်လင့်နေကြသည့်အတွက် လက်တွေ့တွင် ဖြစ်မလာသေးကြောင်းနှင့် တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အစုအဖွဲ့နှင့် ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများကိုအစိုးရအနေဖြင့် ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

**ရှိန်းဝင်းထိုက် (ဓာတ်ပုံ - ရှမ်းတောင်ကယန်းမြေ)**






www.free4readers.com

www.free4readers.com



## အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များ ရွှေ့လ ၁၀ ရက်မှ စတင်ကာ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံမည်

၁၃၈၀ ပြည့်နှစ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ **အောက်တိုဘာ ၁၀ ရက်မှစတင်ကာ ၂၇ ရက်ထိ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း** အင်းလေးဖောင်တော်ဦးဘုရားဂေါပကအဖွဲ့မှစက်တင်ဘာ ၈ ရက်တွင်သိရသည်။

ဒေသစာရီ ကြွချီမှုကို **အင်းလေးဖောင်တော်ဦးကျောင်းတွင် ဖွင့်ပွဲပြုလုပ်ပြီးပါက** ကြေးပေါ်ခုံကျောင်း၊ အင်းတိန်စံကျောင်း၊ ဟဲယာရွာမစံကျောင်း၊ ငါးဖယ်ချောင်ကျောင်း၊ကြေးစားကျောင်း၊ ပွဲစားကုန်း ကျောင်း၊လင်းကင်းကျောင်း၊ညောင်ရွှေမြို့ကျောင်း၊ နန်းသဲကျောင်း၊မိုင်းသောက်ကျောင်း၊ သလဲဦးကျောင်း၊ ကေလာကျောင်း၊ ဇရပ်ကြီးကျောင်း၊ အလိုတော်ပေါက်၊ နမ့်ပန်ကျောင်း၊ မန့်ကျည်းဆိပ်ကျောင်း၊ ကျိုင်းခမ်ကျောင်း၊ မိုင်းပျိုးကျောင်း၊ နောင်တောကျောင်း၊ အင်းပေါခုံ၊ ရေသာကျောင်းမှတစ်ဆင့်ဖောင်တော်ဦးဘုရားကျောင်းသို့ ကြွချီရန် စီစဉ်ထားကြောင်းသိရသည်။

ပြည်တွင်းပြည်ပ ခရီးသွားများသိန်းနှင့်ချီလာရောက်လေ့ရှိသော ဒေသစာရီ ကြွချီ လှည့်လည် အပူဇော်ခံပွဲတွင် **အင်းရိုးရာ ဘုရားဆွဲလှေများဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူ ဇော်ခံမည်ဖြစ်ကာ** တရား ဥပဒေစိုးမိုးရေး၊ ဘုရားလုံခြုံရေးအတွက် ရဲအင်အားအပြည့်အဝ ဆောင်ရွက်ထားကြောင်းသိရသည်။

''နိုင်ငံတော်အကြီးအကဲတွေကို ဖိတ်ဖို့စီစဉ်ထားပါတယ်။ဖောင်တော်ဦးဘုရားဒေသ စာရီကြွချီတာက ဓလေ့ထုံးစံအရ အမြဲလုပ်နေကျဖြစ်သလို ဘုရားဒေသစာရီကြွချီတဲ့နေ့မှာ အင်းရိုးရာလှေလှော်ပြိုင်ပွဲတွေထည့်သွင်းကျင်းပမှာပါ။ **မနှစ်ကတော့ တိုးမပေါက်အောင်စည်ကားခဲ့တယ်**''ဟု ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဝင်းမြင့်ဦးက ပြောသည်။

ရှိန်းဝင်းထိုက်

## မြန်မာနိုင်ငံတွင် အမြင့်ဆုံးတံတားကြီးဖြစ်လာမည့် ပေ ၆၀၀ အမြင့်ရှိ ဂုတ်တွင်းတံတားကို ကမ္ဘာကျော်ဂုတ်ထိပ်တံတားနှင့် ယှဉ်တွဲမြင်ရမည့်နေရာတွင် တည်ဆောက်မည်



ဓာတ်ပုံ-အမျိုးသားလွှတ်တော်

မြန်မာနိုင်ငံတွင် အမြင့်ဆုံးတံတားကြီးဖြစ်လာမည့် ပေ ၆၀၀ အမြင့်ရှိ ဂုတ်တွင်းတံတားကို ကမ္ဘာကျော် ဂုတ်ထိပ်တံတားနှင့်ယှဉ်တွဲမြင်ရမည့်နေရာတွင်တည်**ဆောက်မည်ဖြစ်ကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းကစက်တင်ဘာလ ၅ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော်၌ ပြောသည်။

''**ဂုတ်တွင်းလမ်းပိုင်းကို ရှောင်ကွင်းမယ့် နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ် တည်ဆောက်မယ့်နေရာက ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးမှ ၆၉၆ မီတာကွာဝေးသော နေရာမှာ ဖြစ်ပါတယ်၊ တံတားပြီးတဲ့အချိန်မှာ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကိုလည်း ယှဉ်တွဲပြီးမြင်ရတွေ့ရမယ့် အခြေအနေ ဖြစ်တဲ့အတွက်** ကမ္ဘာလှည့်ခရီးသည်တွေကိုလည်း ဆွဲဆောင်နိုင်မယ့် စီမံကိန်း တစ်ခုဖြစ်ပါတယ်''ဟု ဒုတိယ ဝန်ကြီးကပြောသည်။ တံတားတည်ဆောက်မည့် ပုံစံသည် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ တည်ဆောက်ခြင်းမရှိသေးသည့် **Balance Cantilever Method ကို Cable Stayed နှင့် ချိတ်ဆက်တည်ဆောက်မည်ဖြစ်ကြောင်း** သိရသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြီး ''တံတားသစ်ကြီးပြီးသွားလို့ အသုံးပြုခြင်းဖြင့် **ဂုတ်တွင်းလမ်း အတက်အဆင်း ယာဉ်မောင်းရန်ကြာမြင့်ချိန်မှာ ကားငယ်များအတွက် ၄၅ မိနစ်လောက်နဲ့ ကားကြီးများအတွက် တစ်နာရီခွဲလောက်တို တောင်းသွားမှာဖြစ်ပါတယ်**'' ဟု ပြောသည်။

နောင်ချိုမြို့ရှောင်လမ်း နှင့် ဂုတ်တွင်းတံတား စီမံကိန်းသည် နိုင်ငံတော်ပိုင်ရန်ပုံငွေဖြင့် ဆောင်ရွက်မည်မဟုတ်ဘဲ **Oriental Highway Co.,ltd ၏ ကိုယ်ပိုင်ငွေကြေးဖြင့် စိုက်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းခြေ မြန်မာငွေကျပ် ဘီလျံ ၄၀ နှင့် အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၇၇ သန်း ငွေနှစ်ရပ် ပေါင်းကုန်ကျမည်ဖြစ်ကြောင်း** သိရသည်။

အဆိုပါ လမ်းနှင့် တံတားသည် **နောင်တစ်ချိန်တွင် နိုင်ငံပိုင်ဖြစ်လာမည်ဖြစ်သည့်အတွက် လမ်းလျော် ကြေး၊ မြေလျော်ကြေးကိုသာလျှင် နိုင်ငံတော်က လျော်ပေးမည်ဖြစ်ကြောင်း** သိရသည်။ စီမံကိန်းအတွက် လျော်ကြေးပေးရန်လိုအပ်သည့် တောင်သူ ၂၈၃ ဦး၏ မြေ ၄၆၃ ဒသမ ၃၈ ဧကအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလ နှင့် ဖြည့်စွက်ရန်ပုံငွေ စုစုပေါင်း ၆ ဒသမ ၁၇၃ ဘီလျံ ရရှိခဲ့ပြီး တံတားဦး စီးဌာနမှ ပေးလျော်ခြင်းများကိုဆောင်ရွက်လျက်ရှိရာ လျော်ကြေးငွေပေးချေရယူရန် သဘောတူခဲ့သည့် တောင်သူ ၂၂၁ ဦး၏ မြေ ၃၃၄ ဒသမ ၂ ဧက အနက်မှ တောင်သူ ၂၁၄ ဦးရဲ့ မြေ ၃၃၃ ဒသမ ၈၁ ဧကအတွက် ငွေကျပ် ၄ ဒသမ ၄၁၇ ဘီလျံ ၏ ပေးလျော်ထားပြီးဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် **လက်ရှိအချိန်တွင် ပေးလျော်ရမည့် ပမာဏ စုစုပေါင်း၏ ၇၃ ရာခိုင်နှုန်းကို ပေးလျော်ထားပြီးဖြစ်ကြောင်း သိရသည်။** သဘောတူလက်ခံခြင်းမရှိသည့် တောင်သူ ၆၂ ယောက်၏ မြေ ၁၃၉ ဒသမ ၁၈ ဧကကို သတ်မှတ်လျော်ကြေးပေးချေနိုင်ရန်ကျန်ရှိပြီး **တောင်သူများ လျော်ကြေးလက်ခံပြီးစီးသွားပါက စီမံကိန်းလုပ်ငန်းများကို ချက်ချင်းစတင်ကာ သုံးနှစ်ခွဲအတွင်းအပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း** သိရသည်။

ပြည့်ရည်ဖူး

## ရန်ကုန်-ဒလတံတားစီမံကိန်းမှ ရေလယ်ခန်းဖွင့်နှင့် ပင်မတံတားစီမံကိန်းကိုထားပြီး ဆောင်ရွက်နိုင်မည့် အပိုင်းအားလုံးကို ယခုနှစ်မကုန်မီ စတင်မည်

ရန်ကုန်-ဒလတံတားစီမံကိန်းမှ ညှိနှိုင်းရမည့် ရေလယ်ခန်းဖွင့်၊ ပင်မတံတားစီမံကိန်းများကို ထားကာ ဆောက်လုပ်နိုင်မည့် အပိုင်းအားလုံးကို **ဒီဇင်ဘာလမကုန်မီ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စက်တင်ဘာလ ၇ ရက်တွင် ပြောသည်။

''ပြည်သူတွေမျှော်လင့်နေတာက တံတားကြီးကို တည်ဆောက်ဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ က ညှိနှိုင်းရမယ့် ရေလယ်ခန်းဖွင့်တွေ၊ ပင်မတံတားစီမံကိန်းတွေကို ထားပြီးတော့ **ချေးငွေချေးယူရရှိရေး နှစ်နိုင်ငံညှိနှိုင်းနေ စဉ်ကာလအတွင်းမှာ တံတားတည်ဆောက်ရေး လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် ၂၀၁၈ ခုနှစ်ဒီဇင်ဘာလမကုန်မီမှာ** ဆောင်ရွက်လို့ရတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်''ဟုဒုတိယဝန်ကြီးက ပြောသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ရန်ကုန်-ဒလတံတားစီမံကိန်းတံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ တံတား၏ **ပင်မစန်းဖွင့်အကျယ် ၃၂၀ မီတာမှ ၃၇၀ မီတာသို့ ပြောင်းလဲတည်ဆောက်ရန်အတွက်** ၂၄-၇-၂၀၁၈ တွင်ပြုလုပ်သော စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် ၁၂ / ၂၀၁၈ နှင့် ၂၅-၇-၂၀၁၈ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၁၃ / ၂၀၁၈ တို့မှအတည်ပြု ထားပြီးဖြစ်သည့်အတွက် မကြာခင်တွင်စတင်တည်ဆောက်တော့မည့် တံတားစီမံကိန်းကြီးဖြစ်ကြောင်း သိရသည်။ တံတား တည်ဆောက်ရေးအတွက် **ပင်မစန်းဖွင့်အကျယ် တိုးမြှင့်ထားခြင်းကြောင့် မူလချေးငွေထက်အမေရိကန် ဒေါ်လာ သန်း ၂၀ ထပ်မံလိုအပ်လာမည်ဖြစ်သည့်အတွက်** အဆိုပါ လိုအပ်ငွေကို ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေချေးငှားခွင့်ရရှိရေး အတွက် ၇-၈-၂၀၁၈ ရက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက် ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန် ကြီးဌာနနှင့် ကိုရီးယား Exim Bank တို့တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးနေသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ကိုရီးယားဘက်မှ သဘောတူညီချက်ရပြီးပါက ပြည်ထောင်စုလွှတ်တော်ကို ချေးငွေထပ်တိုးပေးရန် ထပ်မံတင်ပြအတည်ပြုချက် ရယူနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး

## ၁၂ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့်အတူ Melody World 2018 Grand Final ပွဲ ကျင်းပ



အရည်အချင်းရှိသော ဂီတမျိုးဆက်သစ်များကို မွေးထုတ်ပေးလျက်ရှိသည့် **Melody World အဆိုပြိုင်ပွဲအစီအစဉ်၏ ၁၂ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့်အတူ Melody World 2018 Grand Final ပွဲကြီးကို စက်တင်ဘာ ၇ ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင်** ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဧည့်သည်အဆိုရှင်များအဖြစ် အဆိုတော် Rဇာနည်၊ ကောင်းကောင်း၊ လီဂါ၊ ခင်စုစုနိုင်၊ မီးနီတို့က သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းပြိုင်ပွဲအတွက် **အကဲဖြတ်ဒိုင်များအဖြစ် တေးရေး မြင့်မိုးအောင်၊ အဆိုတော်နွဲ့ယဉ်ဝင်း၊ တေးရေး ညီညီသွင်နှင့်တေးရေး မင်းချစ်သူ**တို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ Melody World 2018 Grand Final ပွဲတွင် နိုင်လင်းထွန်း၊ စောရန်နိုင်၊ ဝေဝေလှိုင်ဦးနှင့် လင်းလက်သူတို့က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပါဝင်သီဆိုယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဒိုင်များ၏ဆုံးဖြတ်ချက်များအရ **The Best Melody World 2018 Winner ဆုကို နိုင်လင်းထွန်းကလည်းကောင်း၊** 1st Runner Up ဆုကို စောရန်နိုင်ကလည်းကောင်း၊ 2nd Runner Up ဆုကို ဝေဝေလှိုင်ဦးနှင့် 3rd Runner Up ဆုကို လင်းလက်သူတို့က အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။ **Winner ဆုရရှိသူသည် ဆုငွေကျပ် သိန်း ၂၀ နှင့်အတူ Solo Album တစ်ချပ်ထုတ်ခွင့်ရရှိမည်ဖြစ်ပြီး** 1st Runner Up ရရှိသူသည် ငွေကျပ် ၁၅ သိန်းနှင့်အတူ သုံးယောက်တွဲသီချင်းခွေတွင်ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့အတူ 2nd Runner Up ဆုရရှိသူက ဆုငွေကျပ် ၁၂ သိန်းနှင့် သုံးယောက်တွဲသီချင်းခွေတွင် ပါဝင်ထုတ်ဝေခွင့်ရရှိမည်ဖြစ်ပြီး 3rd Runner Up ရရှိသူက ဆုငွေကျပ် ၁၀ သိန်းနှင့်အတူ သုံးယောက်တွဲသီချင်းခွေတွင်ပါဝင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မင်းအိုက်စွန်းန်**

www.free4readers.com



## ခေါင်ညိုကြီးကျွန်းရှိ အပန်းဖြေစခန်းနှင့် ဘန်ဂလို အလုံး ၂၀ ကို လာမည့်ခရီးသွားရာသီအစတွင် ဖွင့်မည်



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ခေါင်ညိုကြီးကျွန်းရှိ အပန်းဖြေစခန်းနှင့် ဘန်ဂလို အလုံး ၂၀ ကို လာမည့်ခရီးသွားရာသီအစတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကော့သောင်းမြို့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာလ ၇ ရက်တွင်သိရသည်။

''ညောင်ဦးဖီးကျွန်းက ဘန်ဂလို ခြောက်လုံးတော့ ဖွင့်ထားပြီး၊ခေါင်ညိုကြီးကျွန်းမှာလည်း အလုံး ၂၀ ပြီးနေပြီ၊ အတွင်းပိုင်း ပြင်ဆင်မှုတွေလုပ်နေတယ်။ အခုလာမယ့်ခရီးသွားရာသီအစမှာဖွင့်မှာပါ။ ဒီမှာရှိတဲ့ ကျွန်းတွေက ခရီးသွားလုပ်ငန်းအတွက် အထပ်မြင့်တွေဆောက်တာမရှိပါဘူး။ အကုန်လုံးက ဘန်ဂလိုတွေပဲ ဆောက်တာများတယ်'' ဟု ကော့သောင်းမြို့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီး ဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့ပြင် ကော့သောင်းမြို့နယ်၊ **ငထွေးရှူးကျွန်းပေါ်ရှိ မြေ ၁၅ ဧကပေါ်တွင် Supreme Services Team Co.,Ltd မှ B.O.T စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက်** တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြေငှားခြင်းဆိုင်ရာသဘောတူစာချုပ်နှင့် တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားပြီး ကျွန်းဖီလာကျွန်းတွင် Moken International Co.Ltd ကုမ္ပဏီက ခရီးသွားလုပ်ငန်းအတွက် မြေကေထောင်ကျော်တွင် ဟိုတယ်စီမံကိန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုသည် အရှေ့တောင်အာရှတွင် စိတ်ဝင်စားစရာအကောင်းဆုံးခရီးစဉ်ဒေသတစ်ခုဖြစ်သောကြောင့် **သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် ကျွန်း ၁၂ ကျွန်းကို ခွင့်ပြုထားကြောင်းနှင့် ခရီးသွားဆွဲဆောင်မှုအဖြစ် ဆလုံလူမျိုး၊ သဘာဝသန္တာကျောက်တန်းများ၊ သဲအဖြူရောင်လွှမ်း ကမ်းခြေပေါင်း ၁၀၀ ကျော်အပြင် ကျွန်းပေါ်ရှိ ကြောင်ကတိုး၊ မျောက်လွှဲကျော်၊ ပိန်ညင်းငှက်၊ မြစိမ်းရောင် ကျိုးငှက်၊ ရှားပါးတဲ့ ငှက်မျိုးစိတ်များရှိကြောင်း** သိရသည်။

ရှိန်းဝင်းထိုက် (ဓာတ်ပုံ - **Soee Naingg**)

## ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖြစ် ကယားပြည်နယ်အကြောင်း Documentary ရိုက်ကူးပြီး ကမ္ဘာသိအောင် ကြေညာမည်



ကယားပြည်နယ်အတွင်းရှိ ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအတွက် ကယား ပြည်နယ်အကြောင်းကို Documentary ရိုက်ကူးပြီး ကမ္ဘာသိအောင်ကြေညာသွားမည်ဖြစ်ကြောင်း ပြည်နယ်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွန်းက စက်တင်ဘာလ ၇ ရက်တွင်ပြောသည်။

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် Documentary ရိုက်ကူးမှုကို **ဒါရိုက်တာကြည်ဖြူရှင်** က ဆောင်ရွက်မည်ဖြစ်ကာ သဘာဝခရီးသွားလုပ်ငန်း ကောင်းမွန်သည့်နေရာများကို ကွင်းဆင်းအချက်အလက် စုဆောင်းကာ မည်သို့လေ့လာနိုင်သည်ကိုဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် Organic Farm Development လုပ်ငန်းစဉ်များဖြစ်သည့် Organic စစ်စစ်ဖြစ်သော သီးပင်စားပင်များစိုက်ပျိုး၍ တန်ဖိုးမြင့်ထုတ်ကုန်များ ပြုလုပ်နိုင်ရေးအတွက် အလားအလာရှိသည့်နေရာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ''အဓိကကတော့ **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ရယ်၊ အော်ဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းတွေနဲ့ ဒေသထွက်ကုန်ပစ္စည်းတွေကို Value Added ဖြစ်အောင်လုပ်ဖို့အတွက်**ပါ'' ဟု ၎င်းကပြောသည်။

ထို့ပြင် **ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံအကြားရှိ နယ်စပ် မယ်စဲ့ဂိတ်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အဖြစ်** တိုးချဲ့ရန်လုပ်ဆောင်လျက်ရှိပြီး ယင်းသို့ တိုးချဲ့နိုင်ပါက ထိုင်းလူမျိုးအပြင် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဖြစ်သောကြောင့် ပြည်နယ်အထင်ကရနေရာများ ယခင်ထက် ပိုမိုစည်ကားစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ''အခု**လွိုင်ကော်နဲ့မယ်ဟောင်ဆောင်ခရိုင်ကို Sister City အဖြစ် လက်မှတ်ရေးထိုးထားလို့** ဟိုဘက်ပြည်နယ်၊ ဒီဘက်ပြည်နယ်နှစ်နိုင်ငံချစ်ကြည်ရေးအရ သွားရောက်လည်ပတ်လို့ရတယ်။ **မြန်မာနိုင်ငံသားတွေသွားလည်ချင်ရင် မယ်ဟောင်ဆောင်၊ ပိုင်မြို့အထိ သွားရောက်လည်ပတ်လို့ရတယ်၊ ထိုင်းနိုင်ငံဘက်က လာလည်ချင်ရင်လည်း လွိုင်ကော်အထိ လာရောက်လည်ပတ်လို့ရပါတယ်။** ပြည်နယ်အတွင်းလာလည်ချင်ရင် ပြည်နယ်အစိုးရအဖွဲ့ကိုနှစ်ပတ်ကြိုတင်ပြီး ခရီးသွားကုမ္ပဏီဖြစ်ဖြစ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနကိုဖြစ်ဖြစ် ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်'' ဟု ဦးလင်းဇော်ထွန်းက ထပ်မံပြောသည်။

**ရှိန်းဝင်းထိုက် (သတင်းဓာတ်ပုံ)**




www.free4readers.com



## အင်းလေးကန်ကို မြန်မာနိုင်ငံ၏ ငါးခုမြောက် ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ရေဝပ်ဒေသအဖြစ် စတင်သတ်မှတ်



ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်ကို မြန်မာနိုင်ငံ၏ ငါးခုမြောက် ကမ္ဘာလုံးဆိုင်ရာအရေးပါသော ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်လိုက်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ စက်တင်ဘာလ ၁၀ ရက်တွင် သိရသည်။

ကမ္ဘာလုံးဆိုင်ရာရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် သစ်တောဦးစီးဌာနက ရမ်ဆာကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးသို့ အမည်စာရင်းတင်သွင်းထားခဲ့ခြင်းဖြစ်ရာ The Ramsar Convention Secretariat ရုံးက စက်တင်ဘာ ၇ ရက်တွင် ၎င်းဝက်ဘ်ဆိုက်၌ သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာရမ်ဆာရေဝပ်ဒေသအဖြစ် မိုးယွန်းကြီးဘေးမဲ့တော၊ အင်းတော်ကြီးကန် တောနိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မုတ္တမကမ်းရိုးတန်းဒေသများကို သတ်မှတ်ထားကြောင်း သိရသည်။

ဇီဝမျိုးကွဲများအတွက် ကျက်စားရာဒေသတစ်ခုဖြစ်သော ရေဝပ်ဒေသများသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျော့နည်းသက်သာစေရေးအပြင် လူသားများအတွက်၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေသောကြောင့် လူသားများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း သိရသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၃ ခုနှစ်တွင် အာဆီယံယဉ်ကျေးမှုအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ် တွင် ယူနက်စကို၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံထားရကြောင်းသိရသည်။

ရှိန်းဝင်းထိုက်(သတင်း/ဓာတ်ပုံ)

## နန်းယွန်းမြို့နယ်တွင် ကူးစက်ရောဂါကြောင့် ကလေးငယ်ခုနစ်ဦးသေဆုံးခဲ့ပြီး လက်ရှိတွင် ဆေးဝါးကုသမှုများဆောင်ရွက်ပေးနေ

စစ်ကိုင်းတိုင်းဒေသကြီး **နန်းယွန်းမြို့နယ်တွင် ကူးစက်ရောဂါကြောင့် ရွာသုံးရွာမှ ကလေးငယ်ခုနစ်ဦးအထိသေဆုံးခဲ့ပြီးဖြစ်ကာ** ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြည်မြန်မာသတင်းဂျာနယ်သို့ စက်တင်ဘာလ ၁၀ ရက်တွင် ပြောသည်။



Photo - Sing MaungYawngva FB

ရွာလုံးကျွတ်နီးပါး ကူးစက်ရောဂါဖြစ်နေသော ရှန်ရှဲပေါ်ကွန်ရွာကို တွေ့မြင်ရစဉ်။

သေဆုံးသူကလေးငယ်များမှာ လန်းပန်းကျေးရွာမှ ကလေးငယ်လေးဦး၊ ဟာချွန်းဆာရွာမှ ကလေးငယ်နှစ်ဦးနှင့် ရှန်ရှဲပေါ်ကွန်ရွာမှ ကလေးငယ်တစ်ဦးသေဆုံးခဲ့ခြင်းဖြစ်ကာ အဆိုပါကူးစက်ရောဂါသည် ဩဂုတ်လ ၁၈ ရက်တွင် စတင်ဖြစ်ပေါ်ခြင်းဖြစ်ပြီး ဩဂုတ်လ ၂၅ ရက်တွင် လန်းပန်းကျေးရွာမှ ကလေးငယ်တစ်ဦး စတင်သေဆုံးခဲ့ကာ **လန်းပန်းကျေးရွာသည် အဆိုပါကူးစက်ရောဂါကို ရွာလုံးကျွတ်နီးပါး ခံစားခဲ့ရခြင်းဖြစ်သော်လည်း** ယခုအခါ သက်သာနေပြီဖြစ်ကာ **ရှန်ရှဲပေါ်ကွန်ရွာတွင်လည်း အလားတူကူးစက်ရောဂါကို ရွာလုံးကျွတ်ခံစားနေရခြင်းဖြစ်ကြောင်း** သိရသည်။

"ပထမ ကိုယ်တွေအရမ်းပူတယ်။ ပူပြီးလို့ နာရီပိုင်းခြားပြီဆိုရင် နှာခေါင်းကနေ သွေးတွေထွက်လာတယ်။ ရင်ကျပ်ချောင်းဆိုးလာတယ်။ လည်ချောင်းက အသက်ရှူလို့မရဘူး။ အဲဒီလိုအနေအထားဖြစ်လာတယ်။ သူတို့က ဖျားပြီဆိုရင် တစ်ကိုယ်လုံးကိုက်ခဲပြီးတော့ မလှုပ်နိုင်မရှားနိုင် အနေအထားဖြစ်လာတယ်"ဟု ဦးစိမ်းမောင်ကဆိုသည်။

လက်ရှိတွင် အဆိုပါကူးစက်ရောဂါကိုခံစားနေရသည့် ကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရှန်ရှဲပေါ်ကွန်ရွာတွင် တစ်ရွာလုံးနီးပါး ကူးစက်ရောဂါဖြစ်နေသည်ဟုဆိုသော်လည်း သတင်းအရစောခဲ့သည့်အတွက် ကျန်းမာရေးဝန်ထမ်းများက အချိန်မီ ဆေးဝါးကုသမှုပေးနေကြကာ ကလေးတစ်ဦးသေဆုံးမှုမှာ သတင်းမရမီအချိန်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုက ကျန်းမာရေးဝန်ထမ်းတွေ ရွာထဲမှာအခြေချနေပြီး ကုသနေတယ်။ နေ့ရောညရော သူတို့ လုပ်ပေးနေတယ်" ဟု ဦးစိမ်းမောင်ကပြောသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းကလည်း ကူးစက်ရောဂါခံစားနေရသည့် ကျေးရွာများအတွက် ကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးဝါး၊ အဝတ်အထည်နှင့် အာဟာရများလှူဒါန်းခဲ့ကြောင်း သိရသည်။

ထက်အောင်ဖြိုး

## နှစ်(၃၀)ပြည့် ရှစ်လေးလုံးအရေးတော်ပုံအတွင်း လူထုနှင့်အတူပါဝင်ခဲ့သည့် နောင်ရိုးစစ်သည်ဟောင်းများ တွေ့ဆုံပွဲပြုလုပ်



**ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်း လူထုနှင့်အတူပါဝင်ခဲ့သည့် တပ်မတော်သားဟောင်း နောင်ရိုးစစ်သည်များ တွေ့ဆုံပွဲတစ်ခုကို စက်တင်ဘာ ၉ ရက်က** ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေတောင်ကျောင်းတိုက်တွင် ပြန်လည်တွေ့ဆုံပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်သည်ဟောင်းများမှာ **ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်းက မင်္ဂလာဒုံလေတပ်နှင့် ရေတပ်မှ စစ်သည် ၄၀၀ ဝန်းကျင်က လူထုနှင့်အတူပါဝင်ခဲ့ပြီး ယင်းတို့ကို နောင်ရိုးစစ်သည်ဟောင်းများဟုခေါ်တွင်ကာ** ထိုစဉ်ကပါဝင်ခဲ့သည့်ပုံရိပ်များကို ပြန်လည်အမှတ်ရစေလိုသောရည်ရွယ်ချက်ဖြင့် တတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

နောင်ရိုးစစ်သည်ဟောင်းများအဖွဲ့ရှိ ဦးတင်ငွေက "နောင်ရိုးစစ်သည်တွေရဲ့အခန်းကဏ္ဍက လုံးဝထင်ပေါ်လာခြင်းမရှိဘူး။ ဒီကနေ့ကျင်းပရတဲ့ရည်ရွယ်ချက်ကလည်း **လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်က ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ တပ်မတော်သားအချို့ လူထုနဲ့ပါဝင်ခဲ့တယ်ဆိုတာ** နောင်လာနောင်သားတွေသိအောင် စုစည်းပြီးတွေ့ဆုံကြတာပါ"ဟု ဆိုသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ တွင် တပ်မတော်က အာဏာသိမ်းခဲ့ပြီးနောက် သရက်တောကျောင်းတိုက်အတွင်း တပ်စွဲထားသော နောင်ရိုးစစ်သည်များကို ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်နှစ်ရှည်ချမှတ် ခံရကာ အချို့မှာ စစ်ကြောရေးစခန်းများတွင် အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

"**နောင်ရိုးတိုက်ပွဲလိုပဲ ဖောင်ဖျက်ပြီး တိုက်ခဲ့ရတာ။ ဆိုလိုတာက အနည်းဆုံး ထောင်ကျပြီး ပစ်သတ်ခံရလောက်တဲ့အနေအထားမှာ စွန့်စားခဲ့ကြတဲ့ စစ်သည်တော်တွေကို နောင်ရိုးစစ်သည်ဆိုပြီးဂုဏ်ပြုကြတာ။** ရှစ်လေးလုံးသမိုင်းမှာ ပြည်သူ့ရင်ခွင်ထဲဝင်လာခဲ့တဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုတဲ့အနေနဲ့ နောင်ရိုးစစ်သည်များအမည်နဲ့ တင်စားဂုဏ်ပြုတာဖြစ်တယ်" ဟု ၈၈ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် **ဦးမင်းဇေယျာ**က ရှင်းပြသည်။

အဆိုပါအခမ်းအနားကို ၈၈ ကျောင်းသားခေါင်းဆောင် **ဦးကိုကိုကြီး**အပါအဝင် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ၈၈ မျိုးဆက်ကျောင်းသားဟောင်းများနှင့် သံဃာတော်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းရန်နောင်(သတင်း/ဓာတ်ပုံ)

## ကျပ်သိန်းပေါင်း ၁၅၀၀၀ ချီးမြှင့်ပေးမည့် ၁၀၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ် ယခုနှစ်အကုန် စတင်ထုတ်ဝေရောင်းချမည်



မြန်မာ့အောင်ဘာလေထီသမိုင်းတစ်လျှောက် **အမြင့်ဆုံးဆုကြေးဖြစ်သည့် ကျပ်သိန်းပေါင်း ၁၅၀၀၀ ချီးမြှင့်မည့် ၁၀၀၀ ကျပ်တန်အောင်ဘာလေထီလက်မှတ်များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် သို့မဟုတ် ဖေဖော်ဝါရီ ၁ ရက်တို့တွင် စတင်ထုတ်ဝေရောင်းချရန်စီစဉ်နေပြီး** ယင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ချထားပေးပြီဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က စက်တင်ဘာ ၉ ရက်၌ ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောကြားသည်။

**အဆိုပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေထီကို ကျပ် ၅၀၀ တန်အောင်ဘာလေထီနှင့်အတူတွဲ၍ ဖွင့်လှစ်ပေးမည်ဖြစ်ကာ** ထီစနစ်နှစ်မျိုးစလုံးအတွက် အက္ခရာအလုံးရေများ လျှော့ချထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အကုန် ၂၀၁၉ နှစ်စမှာရောင်းချပေးဖို့ စီစဉ်နေပါတယ်။ အက္ခရာအလုံးရေကတော့ စထွက်ထွက်ချင်းမှာ အများကြီးမထုတ်သေးဘူးပေါ့။ ကျပ် ၁၀၀၀ တန်ထီနဲ့ ကျပ် ၅၀၀ တန်ထီနှစ်ခုပေါင်းကို အက္ခရာ ၄၇ လုံး ဒါမှမဟုတ် ၄၈ လုံးလောက်အထိပဲထုတ်သွားမှာပါ။ စနစ်နှစ်မျိုးစလုံးအတွက် အက္ခရာအလုံးရေလျှော့ထုတ်မှာပါ။ ခွင့်ပြုချက်ကတော့ ကျနေပါပြီ"ဟု ၎င်းကရှင်းပြသည်။

ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ထုတ်ဝေရောင်းချရခြင်း၏ရည်ရွယ်ချက်မှာ ဈေးတင်ရောင်းချခြင်းမှကာကွယ်ရန်၊ နိုင်ငံတော်၏အခွန်ဘဏ္ဍာ ပိုမိုရရှိစေရန်၊ ပြည်သူများ ထီဆုကြေး ပိုမိုရရှိရန် မိမိတို့ကြိုက်နှစ်သက်သည့်ထီစနစ်ကို ရွေးချယ်ကံစမ်းနိုင်စေရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အောင်ဘာလေထီစနစ်နှစ်မျိုးစလုံးအတွက် **ရောင်းရငွေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် သတ်မှတ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း** သိရသည်။

မင်းရန်နောင်(သတင်း/ဓာတ်ပုံ)

## မြန်မာ့သနပ်ခါးအပေါ် စိတ်ဝင်စားမှုရှိလာပြီး ဈေးကွက်ချဲ့ထွင်နိုင်ရန် မကွေးမြို့တွင် သနပ်ခါးပွဲတော် ကျင်းပမည်

မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သည့် သနပ်ခါးလိမ်းခြယ်ခြင်းဓလေ့နှင့် သနပ်ခါးထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာက စိတ်ဝင်စားလာပြီး အမွှေးနံ့သာဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုချဲ့ထွင်ပိုင်ဆိုင်လာစေရန်အတွက် **သနပ်ခါးပွဲတော်ကို စက်တင်ဘာ ၂၉ ရက်တွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း** သတင်းရရှိသည်။

အဆိုပါပွဲတော်ကို ရန်ကုန်မြို့ ပန်းဆိုးတန်းဂယ်လာရီက ဦးစီးကျင်းပသွားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ သနပ်ခါးစိုက်ပျိုးထွက်ရှိရာ **ပခုက္ကူ၊ ရေစကြိုနှင့် မြိုင်မြို့များမှ လုပ်ငန်းရှင်များ၏ သနပ်ခါးတုံးများ၊ သနပ်ခါးထုတ်ကုန်များကို ခင်းကျင်းရောင်းချခြင်း၊ သနပ်ခါးနှင့်ပတ်သက်သည့် ပန်းချီ၊ ဂီတ၊ ဓာတ်ပုံများ ချိတ်ဆွဲပြသခြင်း၊ သနပ်ခါးလိမ်းပြိုင်ပွဲ၊ အနုပညာပြပွဲနှင့် သနပ်ခါးအလှမယ်ရွေးချယ်ပွဲတို့ ပါရှိမည်ဖြစ်ကြောင်း**လည်း သိရသည်။

"သနပ်ခါးဆိုတာ မြန်မာတို့ရဲ့ အမှတ်တံဆိပ်၊ ယဉ်ကျေးမှုအနုပညာ ဝိသေသလက္ခဏာတစ်ခုလည်းဖြစ်တယ်။ မြန်မာလူမျိုးတွေအနေနဲ့ သနပ်ခါးကိုပိုပြီးတော့ စိတ်ဝင်တစားနဲ့ တန်ဖိုးထားလာဖို့ ဒီပွဲတော်ကိုစီစဉ်ရခြင်းဖြစ်ပါတယ်။ ဒီလိုပွဲတော်တွေကနေတစ်ဆင့် မြန်မာ့သနပ်ခါးကို နိုင်ငံတကာသို့ ထိုးဖောက်လိုတဲ့အတွက် သနပ်ခါးပွဲတော်ကိုကျင်းပတာဖြစ်ပါတယ်" ဟု သနပ်ခါးပွဲတော် ကျင်းပရေးတာဝန်ခံ ကိုအောင်သူငြိမ်းက ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။

သနပ်ခါးပွဲတော်ကို **ရန်ကုန်တွင် နှစ်ကြိမ်နှင့် မန္တလေးတွင် သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး မကွေးတွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပသွားမည်ဖြစ်ကာ နောက်ပိုင်းတွင်လည်း သနပ်ခါးပွဲတော်များကို နိုင်ငံတကာအထိ ဆက်လက်ကျင်းပသွားရန် စီ**စဉ်ထားသည်ဟုလည်း သိရသည်။

ကောင်းမြတ်ရာ

www.free4readers.com




**POWER** GAC MOTOR's 235T engine



**STEERING** Four-wheel independent suspension system



**TECHNOLOGY** 360° panoramic image system



**SAFETY** ESP 9.1 produced by BOSCH



**LS AUTOMOTIVE GROUP MYANMAR** ( A member of LS Strategic Holding Limited )
351 Pyay Road, Sanchaung Township, Yangon, Myanmar.
Hotline: 0996GACSALE (0996 4227253) Facebook: www.facebook.com/gacmotormyanmar

www.free4readers.com



# အင်းလေးကန်တွင် ခရီးသွားမြှင့်တင်ရေးအဖြစ် စက်လှေအစီး ၅၀၀၀ ကျော်ဖြင့် ရှေ့လပထမပတ်တွင် ဆွဲဆောင်မှု ပြုလုပ်မည်

ရှမ်းပြည်တောင်ပိုင်းညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်တွင် **ခရီးသွားမြှင့်တင်ရေးအစီအစဉ်အဖြစ် စက်လှေအစင်း ၅၀၀၀ ကျော်ဖြင့် အောက်တိုဘာလ ပထမပတ်တွင် ဆွဲဆောင်မှုပြုလုပ်မည်ဖြစ်ကြောင်း** Save The Inle Lake မှ အတွင်းရေးမှူး ဦးခင်မောင်လတ်ကစက်တင်ဘာ ၈ ရက်တွင် ပြောသည်။

ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်ရန် **စက်လှေအစင်း ၅၀၀၀ ကျော်က ညောင်ရွှေချောင်းမှ အင်းလေးကန်အလယ်ဗိုလ်တဲအထိ တန်းစီမောင်းနှင်ကြမည်ဖြစ်ကာ** လှေပေါ်တွင် အင်းသူ၊ အင်းသား ရိုးရာဝတ်စုံများဖြင့် လိုက်ပါမည်ဖြစ်ကြောင်းနှင့်ကောင်းကင်မှ ဒရုန်းများဖြင့် ဓာတ်ပုံရိုက်ယူမည်ဖြစ်ကြောင်း သိရသည်။

**"အောက်တိုဘာက ခရီးသွားရာသီဖြစ်လို့ ပထမပတ်ထဲမှာ စမှာပါ၊ အခုစက်လှေတွေပြုပြင်နေကြတယ်၊ အင်းလေးမှာ စက်လှေ ၄၀၀၀၀ နီးပါးရှိတယ်၊** ဒီအထဲမှာ ၅၀၀၀ ကျော်လောက်ပဲလုပ်မယ်။ အဓိကကတော့ ရခိုင်ပဋိပက္ခဖြစ်ပေမယ့် **အင်းလေးကန်ကြီးကတော့ သာယာတယ်၊ အေးချမ်းတယ်၊ ဘာပဋိပက္ခမှမရှိဘူးဆိုတာကို ပြနိုင်အောင်ပါ"** ဟု ၄င်းကပြောသည်။

အဆိုပါခရီးသွားမြှင့်တင်ရေးအစီအစဉ်ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်လုပ်ငန်းရှင်များ၊ Save The Inle Lake၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအဖွဲ့များ၊ စက်လှေအသင်းများဖြင့်ပူး ပေါင်းဆောင်ရွက်မည်ဖြစ်ကာ နိုင်ငံတကာအထိ ထိုးဖောက်နိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**"အင်းလေးကန်ရဲ့ခရီးသွားလုပ်ငန်း ရခိုင်ကိစ္စဖြစ်ပြီးတဲ့နောက်မှာ ချည့်သည့်အဝင်နည်းသွားတယ်၊ ပြီးခဲ့တဲ့နှစ်နဲ့စာရင် တော်တော်ကျသွားတယ်၊** ဒါကြောင့် နိုင်ငံခြားခရီးသွားနည်းလည်း ပြည်တွင်းခရီးသွားတွေလာလည်နိုင်အောင်ပါ" ဟု၄င်းက ထပ်မံပြောသည်။

**အင်းလေးကန်တွင် အင်းသား၊ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်သူ တို့နေထိုင်ကြပြီး** ရေပေါ်ကျေးရွာနှင့်ကုန်းတစ်ဝက်ရေတစ်ဝက်ရောနေသည့်ကျေးရွာ ပေါင်း ၄၀၀ ကျော်ရှိကြောင်းသိရသည်။

ရှိန်းဝင်းထိုက် (သတင်း၊ ဓာတ်ပုံ)






# Yon-Ka အမှတ်တံဆိပ် Skincare များ စတင်မိတ်ဆက်

ကမ္ဘာ့နိုင်ငံပေါင်း ၅၀ကျော်တွင် ရေပန်းစားနေသော **ပြင်သစ်နိုင်ငံထုတ် နာမည်ကြီး Yon-Ka အမှတ်တံဆိပ် Skincare အသစ်များမိတ်ဆက်သည့်အခမ်းအနားကို** စက်တင်ဘာ ရက်က ရန်ကုန်မြို့ရှိ Sule Shangri-La Hotel တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ Product များကို Aroma Formula နှင့် Phyto Therapists တို့၏ စစ်မှန်သောအချိုးအစားများအတိုင်း ပေါင်းစပ်ထုတ်လုပ်ထားပြီး ထူးခြားသောအာနိသင်ပေးစွမ်းနိုင်သလို အသားအရေအတွက် ခွန်အားကိုလည်း ပေးစွမ်းနိုင်ကြောင်း သိရသည်။ ယခုအခါ မြန်မာနိုင်ငံတွင် Beauty&Luxury Myanmar Co.,Ltd မှ ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ဝ၂၅








## ကမ္ဘာ့အမြင့်ဆုံးစာရင်းဝင် ဘုရားကျောင်းကြီးကို ရုရှားက စစ်တပ်အတွက် တည်ဆောက်မည်



ကမ္ဘာ့အမြင့်ဆုံး အော်သိုဒေါက်စ်ဘုရားရှိခိုးကျောင်းများအနက် တစ်ခုအပါအဝင်ဖြစ်လာမည့် ဘုရားကျောင်းကို စစ်တပ်အတွက် ရည်စူးကာ ရုရှားက တည်ဆောက်သွားမည်ဖြစ်သည်။ **ဘုရားကျောင်းဒီဇိုင်းကို ရုရှားက ထုတ်ပြန်လိုက်ရာ အပေါ်စီးမှကြည့်လျှင် ဒုံးကျည်နှင့်တူနေသည်ဟု** အွန်လိုင်းသုံးစွဲသူများက ဆိုသည်။ မော်စကိုအနီးရှိ နာမည်ကျော်စစ်တပ်ပန်းဥယျာဉ်ကြီး Patroit Park တွင် ယင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဆာဂျေဆွိုင်ဂူက ဆိုသည်။ **အများပြည်သူနှင့်စစ်တပ်အတွက် ရည်ရွယ်ကာ အမြင့် ၁၁၁ ပေရှိမည်** အထက်ပါဘာသာရေးအဆောက်အအုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ **၇၅ နှစ်မြောက် မဟာမျိုးချစ်စစ်ပွဲအောင်ပွဲမတိုင်မီ ပြီးအောင် တည်ဆောက်သွားမည်ဟုဆိုသဖြင့် ၂၀၂၀ ခုနှစ်မတိုင်မီအပြီး တည်ဆောက်သွားဖွယ်ရှိသည်၊** တည်ဆောက်ရေးလုပ်ငန်းအတွက် စစ်တပ်က အလှူစတင်လက်ခံနေပြီဖြစ်ပြီး ဆောက်လုပ်ရေးစီမံကိန်း အသေးစိတ်များကိုလည်း ဗီဒီယိုဖိုင်တွင် ဖော်ပြထားသည်။ **စစ်စိမ်းရောင်ဘာသာရေးအဆောက်အအုံကြီးကို ရွှေရောင်အမိုးခုံးတို့ဖြင့် မွမ်းမံသွားမည်ဖြစ်သည်။** ယင်းကို လူအများက စိတ်ဝင်စားကြသော်လည်း အချို့ကမူ ရုရှားစစ်တပ်၏ စိတ်ကူးကို လှောင်ပြောင်ကြသည်။

**(RT, 8.9.18)**
ချယ်ရီ

## မွေးကင်းစတွင် အချိုရည်သံဘူးတစ်ဘူးမျှသာ ကိုယ်အလေးချိန်ရှိခဲ့သည့် အသေးငယ်ဆုံးကလေး



ဗြိတိန်နိုင်ငံ နယူးကက်ဆယ်မြို့မှ သီယိုတေလာလို့ အမည်ပေးထားတဲ့ ကလေးငယ်လေးက **မွေးကင်းစအရွယ်မှာ အချိုရည်သံဘူးတစ်ဘူးမျှသာ ကိုယ်အလေးချိန်ရှိခဲ့ပြီး ဗြိတိန်နိုင်ငံရဲ့ အသေးငယ်ဆုံးကလေးအဖြစ်** သတ်မှတ်ခံခဲ့ရပါတယ်။ မိခင်ဖြစ်သူ ကေတီရိုဒက်စ် ၂၄ နှစ်က **ကိုယ်ဝန်ခြောက်လနဲ့ သီယိုလေးကို မွေးဖွားခဲ့တာဖြစ်ပြီး မွေးကင်းစတုန်းက ကိုယ်အလေးချိန် ၁၂ အောင်စသာရှိခဲ့တယ်**လို့ဆိုပါတယ်။ မိခင်ကေတီက ကိုယ်ဝန် ၄ လရှိချိန် ကိုယ်ဝန်ဓာတ်မှန်နဲ့စစ်ဆေးခဲ့တာမှာ သန္ဓေသားက ဆက်လက်ဖွံ့ဖြိုးကြီးထွားလာခြင်းမရှိတာကို ဆရာဝန်တွေက စတင်သတိပြုမိခဲ့ကြပြီး ကိုယ်ဝန် ၆ လမှာပဲ ခွဲစိတ်မွေးဖွားဖို့ ဆုံးဖြတ်လိုက်ကြရတာဖြစ်ပါတယ်။ **ဖခင်ရဲ့ လက်ဖဝါးထက်တောင် အရွယ်ငယ်နေခဲ့တဲ့ သီယိုလေးကို မွေးမွေးပြီးချင်းမှာပဲ** ဆရာဝန်တွေက အသက်ရှူစက်ကိရိယာအကူအသုံးပြုစေခဲ့ရပြီး အဆက်မပြတ် စောင့်ကြပ်ကုသမှုပေးနေခဲ့ရပါတယ်။ သာမန်မွေးကင်းစကလေးတွေထက် အရွယ်အစားအရမ်းကို သေးငယ်လွန်းနေတဲ့အတွက် သီယိုလေးက ရက်ပိုင်းအတွင်းမှာပဲ အသက်အန္တရာယ်နဲ့ အချိန်မရွေးကြုံတွေ့ရနိုင်ခြေရှိတယ်လို့ ဆရာဝန်တွေက မိဘတွေကို အသိပေးထားခဲ့ပေမယ့် ထူးခြားတဲ့ သီယိုလေးက **ယနေ့ချိန်ထိ ရှင်သန်နေထိုင်နေဆဲဖြစ်ပြီး ၆ လအရွယ်တောင်ရောက်လာခဲ့ပြီ**လို့ မိခင်ကေတီက ဆိုပါတယ်။ **အသက်ရှူကိရိယာအကူ ယူနေရဆဲဖြစ်ပေမယ့် နောက်ထပ်တိုးလာတဲ့ ထပ်တိုးရောဂါသစ်တွေ မရှိတော့ဘူးလို့** ဆရာဝန်တွေက ဆိုပါတယ်။ လက်ရှိအချိန်မှာ သီယိုရဲ့မိဘတွေက လမစေ့ကလေးတွေနဲ့ လမစေ့ကလေးမွေးဖွားတဲ့ မိသားစုတွေအတွက် အကူအညီပေးတဲ့ ရန်ပုံငွေအဖွဲ့ Tiny Lives အတွက် ရန်ပုံငွေတွေ စုဆောင်းပေးပြီး အားတက်သရော ပါဝင်ကူညီပေးနေတယ်လို့သိရပါတယ်။

**(DM, 7.9.18)** သံသာ

**စဉ်ဆက်မပြတ် တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါတယ်**

သင့် ကျန်းမာရေးအတွက် မဖြစ်သင့်တာ မဖြစ်ရလေအောင် -

**Good Health** ဂျာနယ်က တာဝန်ယူပါတယ်။

ကျန်းမာရေးဗဟုသုတကြွယ်ဝကာ သင့်တစ်မိသားစုလုံး သက်ရှည်ကျန်းမာပြီး
စိတ်ပျိုကိုယ်နုအောင် ရဲရဲကြီးအာမခံနိုင်ပါတယ်။

ဆီးသီးကို အလှအပအတွက် ဘယ်လိုသုံးမလဲ၊ ပြဿနာကို ဖြေရှင်းဖို့ ဘာကအဓိကကျလဲ၊ ကလေးဖျားလျှင်၊ အရေပြားကို အကျည်းတန်စေတဲ့အပြုအမူတွေ လုပ်နေပါသလား၊ ချိုင်းကြားကပြောပြနေသော ကျန်းမာရေး၊ အဆိုတော် နေနေ၏ **Lifestyle**၊ **Anti-aging Sikncare** တွေ သုံးသင့်ပြီလား၊ သံစဉ်ကပေးတဲ့ခွန်အား၊ အားဖြည့်ဆန်စားဖို့ လိုသလား၊ ဆရာဝန်တွေ စမ်းသပ်မှုနဲ့ပတ်သက်ပြီး သင်ဘယ်လောက်သိသလဲ၊ ဗီတာမင်များ၊ သင့်ကျန်းမာရေးအတွက် နေ့စဉ် ၁၅ မိနစ်လောက် အချိန်မပေးနိုင်ဘူးလား၊ ကင်ဆာကိုကာကွယ်နိုင်မည့်အစားအစာ၊ ဓမ္မတာနှင့်ပတ်သက်ပြီး ဆရာဝန်ကိုမေးချင်နေမည့် မေးခွန်းများ၊ လည်ပင်းအကျိတ်ကြီးခြင်း အပါအဝင်..

ဖြန့်ချိရာဌာန - စွယ်စုံမီဒီယာ၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း (၃၉လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၃၉၂၉၇၂၊ ၃၇၅၉၃။

● အင်္ဂါနေ့တိုင်း ထွက်ပြီ ● စာကြည့်တိုက်များနှင့်ဆေးရုံ၊ ဆေးခန်းများအတွက် အထူးနှုန်း

## အာဖရိကတိုက်၏ အမြင့်မားဆုံးတိုက်ကို အီဂျစ်တွင် တည်ဆောက်



နာမည်ကျော်အမျိုးသမီးဗိသုကာပညာရှင်ဇာဟာဟာဒီး မကွယ်လွန်မီ ၂၀၀၇ ခုနှစ်က ဒီဇိုင်းရေးဆွဲပေးသွားခဲ့တဲ့ အာဖရိကတိုက်ရဲ့ အမြင့်မားဆုံးမိုးမျှော်တိုက်ကြီးကို ဆယ်စုနှစ်တစ်စုကျော်လွန်ခဲ့ပြီးချိန်မှာမှ **အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ စတင်တည်ဆောက်နေကြပြီဖြစ်**ပါတယ်။ Nile Tower လို့အမည်ပေးထားပြီး **မျက်နှာပြင်မှာ လှိုင်းပုံစံတွန့်လိမ်နေတဲ့မိုးမျှော်အဆောက်အအုံပုံစံအဖြစ်** ဗိသုကာပညာရှင်ဇာဟာဟာဒီးက ဒီဇိုင်းရေးဆွဲပေးခဲ့တာဖြစ်ပါတယ်။ ယခင်အီဂျစ်သမ္မတဟိုစနီမူဘာရက်လက်ထက်မှာ အစိုးရပံ့ပိုးမှုနဲ့ **ကိုင်ရိုမြို့လယ်နဲ့ နိုင်းမြစ်ကြားမှာ နေရာချတည်ဆောက်သွားဖို့ စီစဉ်ထားခဲ့ကြပေမယ့်** ၂၀၁၁ ခုနှစ်မှာ နိုင်ငံရေးမတည်ငြိမ်မှုတွေပေါ်ပေါက်လာခဲ့ပြီး နိုင်ငံ့ငွေကြေးခိုင်မာမှုမရှိတော့ဘဲ ဆောက်လုပ်ရေးပစ္စည်းတင်သွင်းမှုစရိတ်က မြင့်တက်လာခဲ့တာကြောင့် Nile Tower ဆောက်လုပ်ရေးစီမံချက်ကိုပါ ရပ်ဆိုင်းထားခဲ့ရတာဖြစ်ပါတယ်။ ယနေ့အချိန်မှာတော့ သမ္မတဖာတာအယ်စီစီနဲ့ အစိုးရအဖွဲ့က Living in Interiors အဖွဲ့နဲ့ပူးပေါင်းပြီး **နိုင်ငံတစ်ဝန်းလုံးအတွက် ဆောက်လုပ်ရေး အသုံးစရိတ်ဒေါ်လာ ၂၅၀ ဘီလျံနီးပါးခန့် သုံးစွဲသွားမယ့် စီမံချက်ရဲ့တစ်စိတ်တစ်ပိုင်းအဖြစ် Nile Tower ကိုပါ ဆက်လက်တည်ဆောက်သွားကြတော့မှာဖြစ်ပါတယ်၊ ၉၈၄ ပေ အမြင့်ရှိတဲ့ ဒီတာဝါကြီးမှာ** တန်ဖိုးမြင့် အိမ်ခန်း ၃၆ ထပ်အပါအဝင် ကာစီနို၊ Spa၊ Night Club၊ ဈေးဝယ်စင်တာနဲ့ ဟိုတယ်တွေ ပေါင်းစပ်ပါဝင်မယ်လို့သိရပါတယ်။ **ဒီအဆောက်အအုံတစ်ခုတည်းအတွက် ဆောက်လုပ်ရေးအသုံးစရိတ် ဒေါ်လာ သန်း ၆၀၀ သုံးစွဲသွားမယ်လို့သိရပါတယ်၊** ကိုင်ရိုမြို့ရဲ့အချက်အချာမှာ တည်ရှိပြီး နိုင်းမြစ်နဲ့ နာမည်ကျော်ပိရမစ်တွေရဲ့ အဖိုးတန်မြင်ကွင်းတွေကိုပါ မြင်တွေ့ခံစား ခွင့်ရစေမှာကြောင့် အီဂျစ်နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍကိုမြှင့်တင်ပေးတဲ့နေရာမှာ အဓိကအရေးပါလာမယ့် အဆောက်အအုံတစ်ခုလို့လည်း သိရပါတယ်။

**(AD, 7.9.18)** သံသာ

## ရုရှားထိပ်သီးဆွေးနွေးပွဲကို တရုတ်သမ္မတ တက်ရောက်မည်ဖြစ်ပြီး မြောက်ကိုရီးယားခေါင်းဆောင်ကိုပါ ဖိတ်ထား



ရုရှားတွင် လာမည့်သီတင်းပတ်၌ ကျင်းပသွားမည့် ဒေသတွင်း ထိပ်သီးဆွေးနွေးပွဲကို တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်မည်ဖြစ်ပြီး ထိုပွဲကို တက်ရောက်ရန် မြောက်ကိုရီးယားခေါင်းဆောင်ကိုပါ ဖိတ်ကြားထားကြောင်းသိရသည်၊ **စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည့် စီးပွားရေးညီလာခံကို ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်တို့လည်း တက်ရောက်ဖွယ်ရှိသည်၊** ကင်က တက်ဖြစ်၊ မတက်ဖြစ် အကြောင်းမပြန်သေးပေ။ သို့သော် ၎င်းသာ တက်ဖြစ်ပါက နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြောက်ကိုရီးယား ပို၍ဝင်ဆံ့လာမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် အခြားသောခေါင်းဆောင်များနှင့် သီးသန့်ဆွေးနွေးသွားရန် ရှိ၊ မရှိ တရုတ်အရာရှိများကို သတင်းထောက်များက မေးမြန်းရာ 'တခြားနိုင်ငံတွေက တွေ့ဖို့ ကမ်းလှမ်းလာမယ်ဆိုရင်တော့ တရုတ်ဘက်က စဉ်းစားသွားမှာပါ' ဟု လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဇန်ဟန်ဟွိက ဖြေကြားသည်။ **ရှီနှင့် ကင်သည် ယခုနှစ်တွင် တရုတ်၌ သုံးကြိမ် တွေ့ဆုံပြီးသွားပြီဖြစ်သည်၊** မြောက်ကိုရီးယား၏ နျူအစီအစဉ်နှင့် မြောက်ကိုရီးယားအပေါ် အမေရိကန် ချမှတ်သည့် ပိတ်ဆို့အရေးယူမှုများကို တရုတ်က ထောက်ခံခဲ့သဖြင့် မဟာမိတ်နှစ်နိုင်ငံ ဆက်ဆံရေး အဆင်မပြေဖြစ်လာသည့်အတွက် ခေါင်းဆောင်နှစ်ဦး အကြိမ်ကြိမ်တွေ့ဆုံကာ ရင်းနှီးမှုပြန်ရအောင် လုပ်ခဲ့ကြခြင်းဖြစ်သည်။

**(CNA, 8.9.18)**
ချယ်ရီ

www.free4readers.com



## သမီးကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိသဖြင့် ကွယ်လွန်ခါနီးတွင်မှ တောင်းပန်ခဲ့သည့် စတိဗ်ဂျော့ဘ်စ်



အိုင်ဖုန်း ဖခင်ကြီး ညဏ်ကြီးရှင် **စတိဗ်ဂျော့ဘ်စ်သည် ပညာရပ်ပိုင်းတွင် တစ်မူထူးအောင် ထူးချွန်သော်ငြား မိသားစုနှင့်မူအဆင်မပြေခဲ့သူဖြစ်**သည်။ သားအဖနှစ်ဦးကြားက ကတောက်ကဆ ဆက်ဆံရေးကို စတိဗ်ဂျော့ဘ်စ်၏ သမီးဖြစ်သူ လီဆာဘရန်နန်က Small Fry ဆိုသည့် စာအုပ်ထုတ်ကာ စာအုပ်ထဲတွင် အိတ်သွန်ဖာမှောက်ရေးသားထားသည်။ **ပန်ကရိယ ကင်ဆာကြောင့် သေလုမြောပါးဖြစ်နေသည့်အချိန်တွင်မှ ဖခင်ဖြစ်သူက မိမိကို မျက်ရည်လည်ရွဲဖြင့် တောင်းပန်စကားပြောခဲ့ကြောင်း၊ မိမိကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိသဖြင့် စိတ်မကောင်းဖြစ်ရကြောင်း စတိဗ်ဂျော့ဘ်စ်က ပြောခဲ့သည်ဟု** အသက် ၄၀ အရွယ်ဘရန်နန်က ဆိုသည်။ **'သမီးငယ်ငယ်တုန်းက အဖေ သမီးနားများများနေပေးခဲ့ရမှာ'** ဟု အသက် ၅၆ နှစ်အရွယ် ၂၀၁၁ ခုနှစ်တွင် မကွယ်လွန်မီ၌ ၎င်းကဆိုသည်။ ဒီအန်အေစစ်ထားသည့် အဖြေထွက်လာသော်လည်း ဘရန်နန်သည် ၎င်း၏သမီးမဟုတ်ဟု စတိဗ်ဂျော့ဘ်စ်က ခေါင်းမာမာဖြင့် ဆက်ငြင်းခဲ့သည်။ ဟားဗတ်ဒ်တက္ကသိုလ်တက်သည့် ပထမဦးဆုံးနေ့တွင် သမီးက ၎င်းကို လာရန်မဖိတ်ဖြစ်ခဲ့ပေ။ ယင်းကို ၎င်းက စိတ်ထဲတွင် တေးထားပြီး သမီးကို ၁၀ နှစ်တိုင်တိုင် စကားမပြောပေ။ သမီးကို မကျေမနပ်ဖြစ်နေရသည့်အကြောင်းရင်းကိုလည်း ၎င်းက ထုတ်မပြောခဲ့ပေ။ 'အဖေက ပေါင်းသင်းဆက်ဆံရေးမကောင်းဘူးလေ' ဟုသမီးဖြစ်သူကို တောင်းပန်စဉ်တွင် ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။ ၎င်းသည် **လော်ရင်ပါးဝဲလ်ဂျော့ဘ်နှင့် ကလေးသုံးဦးရခဲ့ပြီး ကလေးသုံးဦးထဲတွင် ဘရန်နန်ပါပါသည်။** (DM, 8.9.18) ချယ်ရီ

## ရှားပါးလှသည့် ခရမ်းဖျော့ရောင်စိန်ကို ရုရှား လေလံတင်ရောင်းချမည်

ရုရှားတွင် တူးဖော်ရရှိသည့် တစ်မူထူးခြားလှသော ခရမ်းဖျော့ရောင်စိန်ကို ALROSA ဆိုသည့်ကုမ္ပဏီက လေလံတင်ရောင်းချသွားမည်ဖြစ်သည်။ **ဟောင်ကောင်တွင် ယခုလအတွင်း ယင်းကို ပြသသွားမည်ဖြစ်ပြီး ထို့နောက်တွင်မှ ရောင်းချသွားမည်ဖြစ်ကြောင်း** ကုမ္ပဏီ၏ထုတ်ပြန်ချက်က ဆိုသည်။ ပွဲလာပရိသတ်တို့၏ အာရုံကို **၁၁ ကရက်ကျော်ရှိသည့် ခရမ်းဖျော့ရောင်စိန်ကသာ** အမိကဖမ်းစားထားနိုင်လိမ့်မည်ဟုကုမ္ပဏီက ဆိုသည်။ **သမိုင်းတွင် ပေါ်ခဲ့ဖူးသည့် ခရမ်းဖျော့ရောင်စိန်များအနက် ယခုတစ်ခုသည် အကြီးဆုံးဖြစ်သည်ဟု** ကမ္ဘာကျော် ရတနာစင်တာကြီးတစ်ခုဖြစ်သည့် ဂျီအိုင်အေမှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ ဟောင်ကောင်တွင်ပြုလုပ်မည့်ပွဲတွင် အရောင်စုံ၊ အရွယ်စုံ စိန်ပေါင်း ၂၅၀ ပါဝင်မည်ဖြစ်ပြီး ရှားပါးစိန်လည်းပါဝင်မည်ဖြစ်သည်။ ထိုပွဲဖြစ်လာရန် တစ်နှစ်ကျော်ကြာ ပြင်ဆင်ခဲ့ရကြောင်း ကုမ္ပဏီက ဆက်လက်ပြောကြားသည်။ ပြီးနောက်တွင် ခရမ်းဖျော့ရောင် ရှားပါးစိန်သည် လေလံအောင်သူ၏ လက်ထဲပါသွားတော့မည်ဖြစ်သည်။



(HOM, 8.9.18) ချယ်ရီ

## အပြာရောင်လင်းထိန်တောက်ပနေသည့် ဂျပန်နိုင်ငံမှ ကမ်းခြေများ



ထူးခြားစွဲမက်ဖွယ်ကောင်းတဲ့ အပြာရောင်မီးတွေ လင်းထိန်တောက်ပနေတဲ့ ကမ်းခြေတွေကို ဂျပန်နိုင်ငံမှာ မြင်တွေ့နိုင်ပါတယ်။ **ဂျပန်နိုင်ငံရဲ့ ဆီတိုပင်လယ်တစ်ပိုက်မှာရှိတဲ့ ကမ်းခြေတွေမှာ ညဘက်ပိုင်းရောက်ရင် အပြာရောင်မီးလေးတွေ တောက်ပနေတတ်ကြတာဖြစ်ပါတယ်။** ဒီလို ထူးခြားလှပတဲ့ အပြာရောင်ကမ်းခြေတွေက ပင်လယ်ကမ်းခြေမှာ ကျက်စားနေထိုင်ကြတဲ့ **ပင်လယ်ပိုးစုန်းကြူးလေးတွေကြောင့်** ဖြစ်လာကြတာပါ။ အူမိဟိုတာရူလို့ ခေါ်ဝေါ်ကြတဲ့ ဒီပင်လယ်ပိုးစုန်းကြူးလေးတွေက နံနက်ပိုင်းမှာ ချိုယာစေ့ငယ်လေးတွေလို ရေပြင်မှာ မျောပါနေတတ်ပြီး **ညဘက်ရောက်လို့ အစာရှာထွက်ကြတဲ့အချိန်မှာမှ အပြာရောင်လေးတွေ မီးလင်းကြတာဖြစ်**ပါတယ်။ ဆီတိုပင်လယ်တစ်ပိုက်မှာရှိတဲ့ ကမ်းခြေတစ်လျှောက်မှာ ဒီအပြာရောင် ပိုးစုန်းကြူးလေးတွေ **အုပ်စုလိုက်ပျံသန်းကြတဲ့အခါ လှပတဲ့ အပြာရောင်ကမ်းခြေတွေ ဖြစ်ပေါ်လာကြတာပါ။** အလင်းရောင်က တောက်ပလွန်းတဲ့အတွက် **ဒုတိယကမ္ဘာစစ်တွင်းတုန်းကတောင် ဂျပန်စစ်သားတွေက ဒီပင်လယ်ပိုးစုန်း ကြူးလေးတွေကို ဖမ်းယူစုဆောင်းပြီး ညဘက် စစ်မြေပြင်မြေပုံကြည့်ဖို့ အတွက် အသုံးပြုခဲ့ကြတယ်လို့လည်း** သိရပါတယ်။ (JP Times, 7.9.18) သံသာ


အလန်းစား ဒေတာ Pack

ooredoo

ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား

1GB ကို ၉၉၉ ကျပ်

*140# ကို ခေါ် ဆိုရယူလိုက်ပါ။

| ဈေးနှုန်း(ကျပ်) | ဒေတာ | ကျပ်/MB (ယခင်) | ကျပ်/MB (ယခု) |
|---|---|---|---|
| ၉၉၉ | 1 GB | ~~၁.၂~~ | ၀.၉ |
| ၁,၉၉၉ | 2 GB | ~~၁.၂~~ | ၀.၉ |
| ၂,၉၉၉ | 3 GB | ~~၁.၂~~ | ၀.၉ |
| ၄,၉၉၉ | 5 GB | ~~၁.၂~~ | ၀.၉ |
| ၉,၉၉၉ | 10 GB | ~~၁.၂~~ | ၀.၉ |

သက်တမ်း - ၃၀ရက် (ထပ်မံသက်တမ်းတိုးနိုင်ပါသည်။)

www.free4readers.com



# ဂျက်မ်မာ အနားယူမည်ဆိုသည့်သတင်းကို အလီဘာဘာ ငြင်းဆို



အလီဘာဘာကို ပူးတွဲတည်ထောင်သူလည်းဖြစ်၊ အလီဘာဘာ၏ ဥက္ကဋ္ဌလည်းဖြစ်သည့် **ဂျက်မ်မာသည် စက်တင်ဘာလ ၁၀ ရက်တွင် ၎င်းနေရာအားဆက်ခံမည့်အစီအစဉ်ကိုသာ ထုတ်ဖော်ပြောသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ ၁၀ ရက်တွင် အလုပ်မှ ချက်ချင်းအနားယူမည်ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်း** အလီဘာဘာ၏ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ ဂျက်မ်မာသည် ၅၄ နှစ်ပြည့်မွေးနေ့ဖြစ်သည့် စက်တင်ဘာလ ၁၀ ရက်တွင် အနားယူမည်ဆိုသည်မှာ မဟုတ်ကြောင်း၊ **ဂျက်မ်မာသည် အလီဘာဘာ၏ ဥက္ကဋ္ဌအဖြစ် မြင်သာသည့်အနာဂတ်အထိ ရှိနေဦးမည်ဖြစ်ကြောင်း** အလီဘာဘာ၏လက်အောက်ခံ သတင်းစာက ဆိုသည်။ ဂျက်မာနှင့်တွေ့ဆုံမေးမြန်းထားသည့် မေးမြန်းခန်းပေါ်မူတည်ကာ သည်နယူးယောက်တိုင်းစ်သတင်းစာက ဂျက်မ်မာ အနားယူတော့မည်ဟု သတင်းစတင်ဖော်ပြခဲ့ခြင်းဖြစ်သည်။ **သည်နယူးယောက်တိုင်းစ်သည် ဂျက်မ်မာ၏ပြောစကားကို လိုရာဆွဲရေးလိုက်ခြင်းသာဖြစ်ကြောင်း** အလီဘာဘာမှပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ အစွမ်းအစရှိသည့် မျိုးဆက်သစ်လူငယ်များကို ၎င်းနေရာဆက်ခံလာနိုင်သည်အထိ ပြုစုပျိုးထောင်သွားရန် ရည်ရွယ်ကာ ဂျက်မ်မာက ဆက်ခံရေးမဟာဗျူဟာကို ထုတ်ဖော်ပြောကြားသွားမည်ဖြစ်ကြောင်း၊ ဂျက်မ်မာသည် ယခုချက်ချင်း အနားယူသွားဦးမည်မဟုတ်ကြောင်း ကုမ္ပဏီက ဖြေရှင်းသည်။ သို့သော် **ချက်ချင်းအငြိမ်းစား မယူသော်ငြားတစ်နှစ်အတွင်း အနားယူသွားမည်ဟု အလီဘာဘာ ဖောက်သည်များနှင့် ရှယ်ယာရှင်များထံ ဂျက်မ်မာက စာရေးသားခဲ့ကြောင်း ဘီဘီစီက ဆိုသည်။ အင်္ဂလိပ်စာဆရာဖြစ်သည့် ဂျက်မာသည် ၁၉၉၉ ခုနှစ်တွင် အလီဘာဘာ အွန်လိုင်းရောင်းဝယ်ရေးကုမ္ပဏီကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ** ယခုအခါ ၎င်းသည် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ကြီးများစာရင်းထဲ ဝင်နေပြီဖြစ်သည်။ **(CNA, 10.9.18) ချယ်ရီ**

# ၁၂ ဦး သေဆုံး၍ အီရတ်လေဆိပ်ဒုံးကျည်များဖြင့် အပစ်ခံရပြီး အီရန်ကောင်စစ်ဝန်ရုံးလည်း မီးရှို့ခံရ



အီရတ်တွင် အီရန်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားကာ အကြမ်းဖက်တိုက်ခိုက်မှုများလည်းဖြစ်ပွားခဲ့ပြီး **ဘက်ဒ်ရာလေဆိပ်ကို အမည်မသိလူအချို့က ဒုံးကျည်သုံးစင်းဖြင့် ပစ်ခဲ့သည်၊ ရာပေါင်းများစွာသော ဆန္ဒပြသမားများက တာယာများကို မီးရှို့ကာ အီရန်ကောင်စစ်ဝန်ရုံးကိုလည်း မီးရှို့လိုက်ကြသည်**။ တိုင်းပြည်တွင် **လာဘ်ပေးလာဘ်ယူမှုအခြေအနေ အလွန်ဆိုးရွားနေခြင်း၊ အလုပ်လက်မဲ့နှုန်းထားမထိန်းနိုင်မသိမ်းနိုင်အောင် များပြားလာခြင်း၊ အစိုးရရုံး၏ဝန်ဆောင်မှုများ ညံ့ဖျင်းခြင်းတို့ကြောင့် ဆန္ဒပြပွဲဖြစ်ပွားခြင်းဖြစ်သည်၊** ထိုသို့ဖြစ်ရခြင်းမှာ အိမ်နီးချင်း အီရန်ကြောင့်ဟု ၎င်းတို့က စွပ်စွဲသည်။ အီရန်သည် အီရတ်နိုင်ငံရေးတွင် အလွန်အကျွံဝင်ရောက်ခြယ်လှယ်နေသဖြင့် မိမိတို့တိုင်းပြည် ယခုကဲ့သို့ ဖြစ်ရသည်ဟု ၎င်းတို့က စွပ်စွဲသည်။ လူအုပ်ကြီးက အီရန်ကောင်စစ်ဝန်ရုံးကို တရကြမ်း ဝင်စီးကာ မီးရှို့လိုက်ခြင်းဖြစ်သည်။ အီရန်နှင့် မတည့်သော်ငြား အဆိုပါတိုက်ခိုက်မှုများကို အမေရိကန်အစိုးရက ဝေဖန်လိုက်သည်။ **ဆန္ဒပြသူများနှင့်လုံထိန်းများ ထိပ်တိုက်တွေ့သဖြင့် ဆန္ဒပြသမား ၁၂ ဦးခန့် သေဆုံးသွားခဲ့သည်၊** ဆန္ဒပြသမားများကအစိုးရအဆောက်အအုံအချို့ကို ဓာတ်ဆီဗုံးများဖြင့် ပစ်ပေါက်ခဲ့သည်၊ ရမ်းကားလာသည့် ဆန္ဒပြလူအုပ်ကို ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ဖောက်နှိမ်နင်းရာ သုံးဦးမှာ သေနတ်မှန် သေဆုံးသွားသဖြင့် သေဆုံးသူ ၁၂ ဦးခန့်ဖြစ်သွားသည်။

**(TT, 10.9.18) ချယ်ရီ**

# အိန္ဒိယသည် အမျိုးသမီးလေယာဉ်မှူး အများဆုံးရှိရာနိုင်ငံဖြစ်ပြီး လက်ရှိထက်လည်း များလာဦးမည်



**အိန္ဒိယသည် စီးပွားရေး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံဖြစ်ရုံသာမက အရပ်ဘက်လေကြောင်းလောကတွင်လည်း အမျိုးသမီးလေယာဉ်မှူးဦးရေ အများဆုံးရှိသည့်နိုင်ငံလည်းဖြစ်သည်၊** အမျိုးသားကြီးစိုးသည့် ပတ်ဝန်းကျင်ဖြစ်သော်လည်း အချိုးအစားအားဖြင့် ကြည့်မည်ဆိုလျှင် **အိန္ဒိယသည် ကမ္ဘာပေါ်တွင် အမျိုးသမီးလေယာဉ်မှူးဦးရေအများဆုံးအဖြစ် ၁၂ ရာခိုင်နှုန်းဖြင့် ရပ်တည်နေကြောင်း** နိုင်ငံတကာအမျိုးသမီးလေယာဉ်မှူးများအစည်းအရုံးကဆိုသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့ကဲ့သို့သော နိုင်ငံများထက်ပင် အိန္ဒိယတွင် အမျိုးသမီး ဝေဟင်မှူးဦးရေက နှစ်ဆများနေခြင်းဖြစ်သည်။ လေကြောင်းလိုင်းများကလည်း လေယာဉ်မှူးအသစ် အလွန်လိုအပ်နေသည်။ အိန္ဒိယပြည်တွင်း လေယာဉ်မှူးလိုအပ်ချက်ကလည်း များလာနေသည်။ လေကြောင်းခရီးစဉ် များပြားလာနေသဖြင့် **လာမည့် နှစ် ၂၀ အတွင်းတွင် တစ်ကမ္ဘာလုံးတွင် လေယာဉ်မှူးအသစ် ၇၉၀၀၀၀ လိုအပ်မည်ဟု** လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Boeing က ခန့်မှန်းထားသည်။ လေယာဉ်မှူးများကို သင်ကြားပြသပေးသည့် ရှီတာဆင်းက အမျိုးသားများသာ ကြီးစိုးနေသည့် လေယာဉ်မှူးလောကထဲ လွန်ခဲ့သည့် နှစ် ၂၀ က စဝင်လာခဲ့သည့် အတွေ့အကြုံကို ပြန်ပြောင်းပြောပြသည်။ လေယာဉ်မှူးလောကတွင် အမျိုးသားချည်းသာဖြစ်နေသဖြင့် အခက်အခဲမျိုးစုံတွေ့ခဲ့ရကြောင်း၊ အမျိုးသားလုပ်ဖော်ကိုင်ဖက်များက မိမိကိုလက်တွဲမခေါ်လိုသည့်အပြင် ပညာအမျိုးမျိုးပြကြောင်း ၎င်းက ဆိုသည်၊ သို့သော် လေယာဉ်မောင်းနှင်ခဲ့သည့်နာရီအရေအတွက်နှင့် အတွေ့အကြုံမည်မျှများသည် ဆိုသည့်ပေါ်မူတည်ကာ လခပေးသည် ဖြစ်သည့်အတွက် အမျိုးသားများနှင့်တန်းတူလစာရရှိသဖြင့် မိမိသည် အလွန်ကံကောင်းကြောင်း ၎င်းကဆိုသည်။ **(IT, 10.9.18) ချယ်ရီ**


# ပြည်မြန်မာ စာအုပ်စင်
မှူးအိမ်ဇင်



**သို့ ... ချစ်သူရေ**
**(ခံစားမှုစာစုများ ၁၊ ၂၊ ၃)**

"တစ်ခါလွမ်းတိုင်းသာ ပန်းတစ်ပွင့်ပွင့်မယ်ဆိုရင် မင်းကို လွမ်းတဲ့ ကိုယ့်အလွမ်းတွေကြောင့် ရိုးမဆိုတဲ့တစ်တောလုံး အရှုံးကြီး ရှုံးသွားမှာပါနော်"ဟု နုရွခုလှ သြော်စကားလုံးများနှင့် ခံစားရေးဖွဲ့ထားသည့် ဆရာနန္ဒာမိုးကြယ်၏ ကဗျာများက နှလုံးသားခွန်အားဖြစ်စေမည်မှာ အမှန်ပင်ဖြစ်သည်။ မြတ်ပန်းရဂုံစာပေမှ ထုတ်ဝေသည်။

တန်ဖိုး - ၃၀၀ ကျပ်


# ရှားပါးသည့် ပန်းရောင်စိန်ပွင့်များ စီခြယ်ထားသော တန်ဖိုးအကြီးဆုံးရွှေဒင်္ဂါးပြားကို ဩစတြေးလျတွင် သွန်းလုပ်



**ရှားပါးပန်းရောင်စိန်ပွင့်တွေစတ်ထားတဲ့ တန်ဖိုးအကြီးဆုံးရွှေဒင်္ဂါးပြားကြီးကို ဩစတြေးလျနိုင်ငံမှာ သွန်းလုပ်ခဲ့တယ်လို့သိရပါတယ်၊ ဩစတြေးလျဒေါ်လာ ၂ဒသမ၄၈သန်း (ဒေါ်လာ ၁ဒသမ၈သန်း)တန်ကြေးရှိတဲ့ ရွှေဒင်္ဂါးပြားကြီးဖြစ်ပြီး** Discovery လို့ အမည်ပေးထားတယ်လို့သိရပါတယ်။ ၂ကီလိုဂရမ် (၄ဒသမ၄ပေါင်)အလေးချိန်ရှိပြီး ရွှက်သဘောတစ်စင်း၊ ရွှေရှာသူတစ်ဦးနဲ့ ဩစတြေးလျအနောက်ပိုင်းက ဘောဘ်ပင်တွေကို ဒင်္ဂါးပြားပေါ်မှာ ပုံဖော်ထားတယ်လို့သိရပါတယ်။ ဩစတြေးလျနိုင်ငံမှာ သွန်းလုပ်**ခဲ့သမျှဒင်္ဂါးပြားတွေထဲမှာ တန်ဖိုးအကြီးဆုံးဒင်္ဂါးပြားကြီးဖြစ်ပြီး အာရှနဲ့ အရှေ့အလယ်ပိုင်းက အဖိုးတန်ပစ္စည်းစုဆောင်းသူတွေကို ရောင်းချသွားဖို့ရည်ရွယ်ထားတယ်လို့** ဩစတြေးလျဒင်္ဂါးတိုက်အကြီးအကဲ ရစ်ချတ်ဟာရက်စ်က ဆိုပါတယ်။ **အလယ်မှာအပေါက်ပါတဲ့ ရှေးခေတ်သုံးဒင်္ဂါးပြားပုံစံဖန်တီးထားတာဖြစ်ပြီး** ဩစတြေးလျနိုင်ငံ၊ ကင်ဘာလေအနောက်ပိုင်းက နာမည်ကျော်အာဂျိုင်းသတ္တုတွင်းက နေထွက်ရှိတဲ့ ရှားပါးတဲ့ ပန်းရောင်စိန်ပွင့်လို့သိရပြီး မြကွက်ပုံဖြတ်တောက်ထားတဲ့ ဒီပန်းရောင်စိန်ပွင့်လေးခုက ဒင်္ဂါးရဲ့အဓိကဆွဲဆောင်မှုဖြစ်တယ်လို့ ရစ်ချတ်ဟာရက်စ်က ဆိုပါတယ်။ စိန်ပွင့်လေးပွင့်ကိုပဲ တစ်နှစ်လောက်အချိန်ယူဖန်တီးခဲ့ရတာဖြစ်တယ်လို့ ဟာရက်စ်က ဆိုပါတယ်။ **ဒီပန်းရောင်စိန်ပွင့်မျိုးက တစ်ကရက်ကိုပဲ ဒေါ်လာ ၁သန်းကနေ ၂သန်းကြား ဈေးရှိတယ်လို့** သိရပါတယ်။

**(The Nation, 10.9.18) သံသာ**

# အီတလီတွင် တူးဖော်ရေးလုပ်ရာ ရှေးဟောင်းရွှေဒင်္ဂါးသိုက်ကြီးကို ရှာတွေ့သွား



အီတလီရှိ ပြဇာတ်ရုံကြီး၏ မြေ**အောက်ခန်းတွင် တူးဖော်ရေးလုပ်ငန်းလုပ်ဆောင်ရာ အိုးတစ်လုံးတွေ့ခဲ့ပြီး ထိုအိုးထဲတွင် ငါးရာစုခန့်မှ ရွှေဒင်္ဂါးပြားများကို တွေ့ရှိခဲ့ရကြောင်း** သိရသည်။ ဖြိုဖျက်ရေးလုပ်ငန်းတွင် ဒေါ်လာသန်းပေါင်းများစွာတန်နိုင်သည့် ရှေးဟောင်းဒင်္ဂါးသိုက်ကို တွေ့လိုက်ရသဖြင့် အံ့ဩမင်သက်သွားမိကြောင်း ဆောက်လုပ်ရေးဝန်ထမ်းများက ဆိုသည်။ အဆိုပါရောမခေတ် ဒင်္ဂါးပြားများကို သေသေချာချာစစ်ဆေးသွားမည်ဖြစ်ပြီး ပြီးနောက်တွင်မှ ပြတိုက်တွင် ပြသသွားမည်ဟု အရာရှိများက ဆိုသည်။ **နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်ငြား ရွှေဒင်္ဂါးများမှာ အကောင်းအတိုင်းပင်ရှိနေပြီး သန့်ရှင်းတောက်ပြောင်နေသည်ဟုသိရသည်၊ ၁၈၇၀ ပြည့်နှစ်တွင် ပြဇာတ်ရုံကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ထို့နောက်တွင် ယင်းသည် ရုပ်ရှင်ရုံဖြစ်လာသည်၊ ရုပ်ရှင်ရုံမှာလည်း ၁၉၉၇ ခုနှစ်တွင် နိဂုံးချုပ်သွားခဲ့သည်၊** တန်ဖိုးမြင့်အိမ်ရာဆောက်လုပ်ရန်အတွက် ယင်းနေရာတွင် ဖြိုဖျက်တူးဖော်ရေးလုပ်ငန်း လုပ်ဆောင်နေခြင်းဖြစ်သည်။ ယခုအခါ ထိုနေရာတွင် မထင်မှတ်ဘဲ ရှေးဟောင်းရွှေဒင်္ဂါးရာပေါင်းများစွာ တွေ့လိုက်ရသည့်အတွက် လုပ်ငန်းကို ခေတ္တဆိုင်းငံ့ကာ တူးဖော်ရှာဖွေရေးသာ ဆက်လုပ်ရန် အာဏာပိုင်များက စီစဉ်နေသည်။ **(DM, 10.9.18) ချယ်ရီ**

www.free4readers.com



## ကမ္ဘာ့ပဉ္စမမြောက် နျူအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာတော့မည့် ပါကစ္စတန်



**ပါကစ္စတန်သည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် နျူအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာတော့မည်ဆိုသည့်** သတင်းကြောင့် အိန္ဒိယ တုန်လှုပ်သွားနိုင်သည်။ ပါကစ္စတန်၏ အလားအလာကို ကြားသိရသဖြင့် ပါကစ္စတန်၏ မဟာရန်သူကြီး အိန္ဒိယသာမက အမေရိကနှင့် အခြားနိုင်ငံများပါ စိုးရိမ်ပူပန်သွားလောက်သည်။ နျူကလီးယားသတင်းအချက်အလက် စုဆောင်းရေးစီမံကိန်းအရ ယင်းလေ့လာချက်ကို ပြုစုခဲ့ကြရာ **ပါကစ္စတန် ပိုင်ဆိုင်သည့် နျူကလီးယားထိပ်ဖူးအရေအတွက်သည် ၂၀၂၅ ခုနှစ်မတိုင်မီ ၂၂၀ - ၂၅၀ အတွင်းအထိ များသွားနိုင်သည်ဟု** ကောက်ချက်ဆွဲခဲ့ကြသည်။ အမေရိကန်ကာကွယ်ရေး ထောက်လှမ်းရေး အေဂျင်စီက **ပါကစ္စတန်သည် ၂၀၂၀ ပြည့်နှစ်မတိုင်မီတွင် ထိပ်ဖူးပေါင်း ၆၀ မှ ၈၀ အထိ ပိုင်ဆိုင်နေမည်ဟု ၁၉၉၉ ခုနှစ်က ခန့်မှန်းခဲ့သော်လည်း ယခုခန့်မှန်းချက်သည် ယင်းကာလက ခန့်မှန်းချက်ထက် များစွာပိုများနေခြင်းဖြစ်သည်။** ထိုခန့်မှန်းချက်အတိုင်းသာဖြစ်လာပါက **ပါကစ္စတန်သည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် နျူအင်အားအကြီးဆုံးနိုင်ငံဖြစ်သွားပေလိမ့်မည်။** နျူကလီးယားဖြင့် တိုက်ခိုက်လာသည့်ဒဏ်သာမက ပါကစ္စတန်ပိုင်နက်ထဲသို့ အိန္ဒိယ ကျူးကျော်လာခဲ့သော် ကာကွယ်နိုင်ရန် အတွက်ဟုဆိုကာ ပါကစ္စတန်က **အလုံးစုံကာကွယ်နိုင်ရေး နျူကလီးယားစွမ်းဆောင်ရည်ကို မြှင့်တင်နေ**ခြင်းဖြစ်သည်။

(RT, 10.9.18) ချယ်ရီ

## ဖူကူရှီးမားနျူကလီးယားစက်ရုံ၏ ရေဒီယိုဓာတ်ရောင်ခြည်သင့်မှုကြောင့် ပထမဆုံးအကြိမ် လူသေဆုံးမှုဖြစ်ခဲ့

ငလျင်နဲ့ ဆူနာမီရေလှိုင်းအကြောင့် ဂျပန်နိုင်ငံက ဖူကူရှီးမားနျူကလီးယားစွမ်းအင်စက်ရုံပျက်စီးခဲ့ပြီး ဒီစက်ရုံကနေထွက်ရှိတဲ့ ရေဒီယိုဓာတ်ရောင်ခြည်သင့်မှုကြောင့် ပထမဆုံးအကြိမ် လူသေဆုံးမှုဖြစ်ပွားခဲ့ရတယ်လို့ ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဖူကူရှီးမား **နျူကလီးယားစွမ်းအင်စက်ရုံပျက်စီးမှုဖြစ်ခဲ့ပြီး ခုနစ်နှစ်အကြာမှာမှ ဓာတ်ရောင်ခြည်သင့်မှုကြောင့် ပထမဆုံးအကြိမ်ဖြစ်ပွားတဲ့ လူသေမှုဖြစ်တယ်လို့** ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဆိုပါတယ်။ သေဆုံးသူက ဂျပန်နိုင်ငံက နျူကလီးယားစွမ်းအင်စက်ရုံတွေမှာ အလုပ်လုပ်ကိုင်ခဲ့သူဖြစ်ပြီး **၂၀၁၁ ခုနှစ် မတ်လက ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖို မတော်တဆပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း** အဆိုပါစက်ရုံမှာ နှစ်ကြိမ်တိုင်တိုင် အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့သူဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါဝန်ထမ်းအမျိုးသားက **ဓာတ်ရောင်ခြည်သင့်မှုခံခဲ့ရတာကြောင့် အဆုတ်ကင်ဆာဖြစ်လာခဲ့ကာ အသက် ၅၀ ကျော်အရွယ်နဲ့ သေဆုံးခဲ့ရတာဖြစ်တယ်လို့** ဝန်ကြီးဌာနက ဆိုပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ အဆုတ်ကင်ဆာကို စတင်ခံစားခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဖူကူရှီးမားစက်ရုံက ဝန်ထမ်းလေးဦး ဓာတ်ရောင်ခြည်သင့်မှုကြောင့် အပြင်းအထန်နာမကျန်းခဲ့ကြတဲ့ဖြစ်ရပ်လည်းရှိခဲ့ပေမယ့် သေဆုံးမှုကတော့ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်လို့ ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဆိုပါတယ်။ ဖူကူရှီးမား စက်ရုံမှာ ဓာတ်ပေါင်းဖိုအရည်ပျော်ကျမှုဖြစ်ပွားခဲ့ပြီး နောက် အနီးပတ်ဝန်းကျင်က **ဒေသခံ ၁၆၀၀၀၀ ကျော်ကို နေအိမ်စွန့်ခွာကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်စေခဲ့ရတယ်**လို့လည်းသိရပါတယ်။



(Reuters, 10.9.18) သံသာ

## ကိုရီးယားထိပ်သီးစည်းဝေးပွဲကြီးကို ယခုလ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပမည်



တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံကြား **တတိယအကြိမ်မြောက် ကိုရီးယားထိပ်သီးစည်းဝေးပွဲကြီးကို** လာမည့် စက်တင်ဘာလ ၁၈ရက်မှ ၂၀ရက်ထိ သုံးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအမျိုးသားလုံခြုံရေးရုံးအကြီးအကဲ ချောင်ယူယောင်က ထုတ်ဖော်ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ၊ ပြုံယမ်းမြို့သို့ သမ္မတမွန်းဂျေအင်၏ အထူးသံတမန်အဖွဲ့အကြီးအကဲအနေဖြင့်သွားရောက်ခဲ့ခြင်းဖြစ်ပြီး မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ၎င်း၏ နျူကလီးယားလက်နက်ဖျက်သိမ်းမှုကို ထပ်လောင်းပြောဆိုလိုက်ကြောင်း ချောင်ယူယောင်က ဆိုသည်။ ဘေးကင်းလုံခြုံမှု၊ ဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ချက်များနှင့်အတူ ကိုရီးယားထိပ်သီးစည်းဝေးပွဲကြီးကို ကျင်းပသွားကြမည်ဖြစ်ကြောင်း ချောင်ယူယောင်က ဆိုသည်။ ဒေသတွင်းအစဉ်ထာဝရငြိမ်းချမ်းရေးနှင့် ကိုရီးယားနှစ်နိုင်ငံကြား အကျိုးရလဒ်ကောင်းများဝေမျှနိုင်ရေးတို့ကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း ချောင်ယူယောင်က ဆိုသည်။ **အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကိုလည်း အဆိုးမြင်မှုမရှိခဲ့ဘဲ ၎င်းအပေါ် ယုံကြည်မှုမှာလည်း ပြောင်းလဲခြင်းမရှိဟု ကင်ဂျုံအန်က ပြောကြားခဲ့ကြောင်း** ချောင်ယူယောင်က ဆိုသည်။ အဆိုပါယုံကြည်မှုကို ဆက်လက်တည်ဆောက်သွားပြီး **သမ္မတဒေါ်နယ်ထရမ့်၏ ပထမသက်တမ်းမှာပင် မြောက်ကိုရီးယားနှင့် အမေရိကန်ကြား နှစ် ၇၀ ကြာ ရန်စောင်တင်းမာနေမှုများကို အဆုံးသတ်စေပြီး နှစ်နိုင်ငံရင်းနှီးမှုပိုတိုးလာစေကာ နျူကလီးယားလက်နက် အဆုံးသတ်ရေးအောင်မြင်မှုရလိုသည်ဟု ကင်က ပြောကြားခဲ့ကြောင်း** ချောင်ယူယောင်က ထုတ်ဖော်ပြောကြားသွားခဲ့သည်။

(YH, 10.9.18) သံသာ

## ငလျင်ဘေးကြောင့် ဂျပန်တွင် သေဆုံးသူ ၄၄ ဦးထိ ရှိလာ



ဂျပန်နိုင်ငံမြောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် **သေဆုံးသူဦးရေ ၄၄ ဦးထိ တိုးမြင့်လာခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၆၆၀ဦးရှိခဲ့ကြောင်း** သိရသည်။ အဆက်မပြတ်ရွာသွန်းနေသည့် မိုးများနှင့် ငလျင်ဒဏ်များကြောင့် မြေပြိုမှုများဖြစ်ပေါ်နေခဲ့ပြီး မြေပြိုသည့်ထဲ အိမ်များပါသွားသဖြင့် **ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသူ ၂၅၀၀ ဦးရှိနေကြောင်း** မီးနှင့်သဘာဝဘေးအန္တရာယ်စီမံထိန်းချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ ငလျင်ကြောင့် ပြိုပျက်မှုများကို ရှင်းလင်းရေးအတွက် **ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဝန်ထမ်းစုစုပေါင်း ၄၀၀၀၀ ခန့် အတူပူးပေါင်းဖွဲ့စည်းကာ လုပ်ဆောင်ပေးနေကြပြီဖြစ်ကြောင်း** ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ယိုရှိဟီဒီ ဆူဂါက ပြောကြားခဲ့သည်။ ငလျင်အပြင်းအထန် လှုပ်ခတ်ခဲ့သည့် ဒေသများတွင် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများလည်း ပြတ်တောက်နေခဲ့သော်လည်း ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ရာ ၅ ဒသမ ၃ သန်းသော ပြည်သူများနှင့် လုပ်ငန်းများ ဓာတ်အားပြန်လည်အသုံးပြုလည်ပတ်နိုင်ပြီဖြစ်သော်လည်း ပြည်သူများအနေဖြင့် အရေးပေါ်အခြေအနေများအတွက် လိုအပ်လာနိုင်မည့် စွမ်းအင်အတွက် အရန်သင့်ထိန်းသိမ်းပေးနိုင်ရန် **လက်ရှိတွင် စွမ်းအင်အသုံးပြုမှုကို ၂၀ ရာခိုင်နှုန်းလျှော့ချသုံးစွဲကြပါရန်** အစိုးရက တိုက်တွန်းထားခဲ့သည်။

(Reuters, 10.9.18) သံသာ

## ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းမဟာတံတိုင်းရုပ်တုအဖြစ် ထွင်းထုသွားမည့် ရောမကျောက်စိမ်းတုံးကြီးကို ပြသ



တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှီယန်မန်ချူးစီရင်စုမှာ တရုတ်ပန်းပုပညာရှင်တွေက **ကမ္ဘာ့အကြီးမားဆုံး မဟာတံတိုင်းရုပ်တုကြီးအဖြစ်** ပုံဖော်သွားမယ့် ရောမကျောက်စိမ်းတုံးကြီးကို ထုတ်ဖော်ပြသခဲ့ပါတယ်။ **၂၁ ပေရှည်ပြီး ၉ ပေအမြင့်ရှိကာ အကျယ် ၁၃ ပေရှိတဲ့အပြင် အချင်း ၅၅ ပေရှိတဲ့ ရောမကျောက်စိမ်းတုံးကြီးဖြစ်ပြီး အလေးချိန်အားဖြင့် ၁၁၈ တန်**ရှိတဲ့ ကျောက်စိမ်းတုံးကြီးဖြစ်တယ်လို့ သိရပါတယ်။ ကျောက်တုံးကြီးမှာ **ကျောက်စိမ်းသား ၉၈ ရာခိုင်နှုန်းပါရှိပြီး** သာမန်ကျောက်စိမ်းတုံးတွေမှာထက် သုံးဆပိုကောင်းတဲ့ ကျောက်စိမ်းသားဖြစ်တယ်လို့ သိရပါတယ်။ မဟာတံတိုင်းပုံစံအဖြစ် ကျောက်စိမ်းနဲ့ထုဆစ်ခဲ့သမျှ ကျောက်စိမ်းမဟာတံတိုင်းရုပ်တုတွေထဲမှာ အကြီးမားဆုံးရုပ်တုဖြစ်လာမယ်လို့ သိရပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှာ ကျရောက်မယ့် တရုတ်နိုင်ငံရဲ့ အမျိုးသားနေ့အမီ တစ်နှစ်အတွင်း အပြီးသတ်ထုဆစ်ပုံဖော်သွားကြမှာဖြစ်ပါတယ်။ အရွယ်အစားအင်မတန်ကြီးမားလှတဲ့ဒီကျောက်စိမ်းတုံးကြီးက ဘယ်အရပ်ဒေသကထွက်ရှိတယ်ဆိုတာကိုတော့ သတင်းမှာ ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိပါဘူး။ ကျောက်စိမ်းကို တရုတ်နိုင်ငံမှာ အထင်ကရကျောက်မျက်ရတနာအဖြစ် တန်ဖိုးထားကြတာကြောင့် ဝယ်လိုအားအလွန်ကောင်းပြီး ကျောက်မျက်ရတနာကုန်သည်တွေက ကျောက်စိမ်းတွေကို ဒေသမျိုးစုံက လိုက်လံစုဆောင်းဝယ်ယူလေ့ရှိကြပါတယ်။ **အရွယ်အစားအလွန်ကြီးမားတဲ့ ကျောက်စိမ်းတုံးကြီးတွေကို မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်မှာလည်း တူးဖော်တွေ့ရှိလေ့ရှိပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတုန်းကလည်း တန်ချိန် ၁၇၅ တန်ရှိတဲ့ ရောမကျောက်စိမ်းတုံးကြီးကို ကချင်နယ်မှာ တူးဖော်တွေ့ရှိခဲ့ပါတယ်။** (Ecns.cn, 10.9.18) သံသာ

www.free4readers.com



## ကမ်းခြေတွင် ရေကူးနေစဉ် ငယ်ပါနေရာကို ငါးလက်ထုံအမြီးနှင့် ထိုးခံရကာ မချိမဆံ့ဖြစ်ခဲ့ရသည့် အမျိုးသား



တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဆန်ယာမြို့က ကမ်းခြေတစ်ခုမှာ ပင်လယ်ထဲရေဆင်းကူးနေခဲ့တဲ့ အမျိုးသားတစ်ဦးက ငါးလက်ထုံတိုက်ခိုက်မှုခံခဲ့ရပြီး ငယ်ပါနေရာကိုမှ ငါးလက်ထုံက အမြီးနဲ့ ထိုးစိုက်ထားခဲ့တာကြောင့် အတော်လေးမချိမဆံ့ခံစားသွားခဲ့ရတယ်လို့ သိရပါတယ်။ ချိတ်တွေလိုဖြစ်နေတဲ့ ဆူးချွန်တွေရှိနေတဲ့ ငါးလက်ထုံရဲ့အမြီးက သူ့ရဲ့ငယ်ပါနေရာမှာ စိုက်ဝင်နေခဲ့တာကြောင့် အတော်လေးနာကျင်ခံစားနေရပုံရတဲ့ ဒီအမျိုးသားရဲ့သနားဖွယ်ရာအဖြစ်ကို အနီးအနားမှာရှိတဲ့လူတစ်ဦးက ဗီဒီယိုမှတ်တမ်းရိုက်ကူးထားခဲ့ပြီး အွန်လိုင်းမှာတင်ထားခဲ့တာပါ။ ကြည့်ရှုသူ ငါးသန်းကျော်ရှိသွားခဲ့ပြီး ကံဆိုးလှတဲ့အမျိုးသားဆိုပြီးမှတ်ချက်ပြုသူတွေလည်းရှိခဲ့ပါတယ်။ ဆန်ယာမီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးအရာရှိတွေက ဒီအမျိုးသားရဲ့ငယ်ပါထဲမှာ ဆူးချွန်အထစ်တွေနဲ့ စိုက်ဝင်နေတဲ့ငါးလက်ထုံအမြီးကို ဖြုတ်ယူဖယ်ရှားပေးနိုင်မယ့် ကိရိယာမျိုးမရှိခဲ့တာကြောင့် ဆေးအကူအဖွဲ့ရဲ့အကြံဉာဏ်နဲ့ ငါးလက်ထုံရဲ့အမြီးကို အရင်ဆုံးဖြတ်ပစ်လိုက်ပြီးမှ ဖယ်ရှားပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ အမျိုးသားက ချက်ချင်းပြန်မတတ်ရပ်နိုင်ခဲ့ပေမယ့် ဆေးရုံကို ပို့ဆောင်ပေးခဲ့ပြီး ကျန်းမာရေးစစ်ဆေးပေးခဲ့ကြတယ်လို့ သိရပါတယ်။ ငါးလက်ထုံက ကမ်းခြေမှာပဲ သေဆုံးသွားခဲ့ပြီး အမျိုးသားရဲ့အခြေအနေအသေးစိတ်ကိုတော့ ထပ်ပြီးမသိရတော့ဘူးလို့ မျက်မြင်သက်သေတစ်ဦးက ဆိုပါတယ်။

(DM, 8.9.18) သံသာ

## တိုင်းမ်ရင်ပြင်တွင် ရောမကြော်ငြာဘုတ်ကြီး ထောင်ကာ ကျောက်ကပ်အလှူခံခဲ့သူ




အမေရိကန်နိုင်ငံ နယူးယောက်မြို့ တိုင်းမ်စကွဲရင်ပြင် (Time Square) နေရာမှာ ထူးခြားတဲ့ကျောက်ကပ်အလှူခံရောမကြော်ငြာဆိုင်းဘုတ်ကြီးကို လာမယ့်နိုဝင်ဘာလထိ မြင်တွေ့နေရတော့မှာဖြစ်ပါတယ်၊ ဆီးအိမ်ကင်ဆာခံစားနေခဲ့ရပြီး ကျောက်ကပ်တွေထိ ကင်ဆာဆဲလ်ပျံ့နှံ့နေခဲ့ပြီဖြစ်တဲ့ မာ့ခ်ဝိန်နာဆိုသူ အသက် ၅၃ နှစ်အရွယ် အမျိုးသားက ဆီးအိမ်နဲ့ ကျောက်ကပ်တွေကို မဖြစ်မနေခွဲစိတ်ဖယ်ရှားကုသမှုခံခဲ့ရပါတယ်။ ခွဲစိတ်မှုပြီးတဲ့နောက်ပိုင်းမှာ ကင်ဆာကင်းရှင်းသွားခဲ့ပြီး ရုပ်သံသတင်းထုတ်လုပ်ရေးမှူးအဖြစ် အလုပ်ပြန်လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဆုံးရှုံးသွားတဲ့ ကျောက်ကပ်တွေအစား သွေးထဲက အညစ်အကြေးတွေကို သန့်စင်ပေးတဲ့ကုထုံးတွေကို တစ်ကြိမ်လျှင် လေးနာရီနှုန်းနဲ့ တစ်ပတ်ကို သုံးကြိမ်လောက် ဆေးရုံမှာ ပုံမှန်ပြုလုပ်ပေးနေရတာဖြစ်ပါတယ်။ အသက်ဆက်ခွင့်ရပေမယ့် အသက်အရွယ်အရ နလုံးကို ထိခိုက်လာစေနိုင်တာကြောင့် ဒီလုပ်ငန်းစဉ်တွေကို ရပ်တန့်ဖို့လိုလာပြီး ကျောက်ကပ်တစ်ခုလောက် အမြန်ဆုံးအစားထိုးနိုင်ဖို့ရာအတွက် မာ့ခ်ကိုချစ်တဲ့သူငယ်ချင်းတွေက မာ့ခ်ရဲ့ဓာတ်ပုံနဲ့ တိုင်းစကွဲမှာ စတုရန်းပေ ၅၀၀၀ အရွယ်အစားရှိတဲ့ ရောမအလှူခံကြော်ငြာဘုတ်ကြီးကို ငှားရမ်းကြော်ငြာပေးကာ ကူညီခဲ့ကြတာဖြစ်ပါတယ်။ ဒီနေရာကို နေ့စဉ်လူဦးရေ ၃၃၀၀၀၀ ခန့် ဖြတ်သန်းသွားလာနေကြပြီး မာ့ခ်အတွက် ကျောက် ကပ်အလှူရှင် အမြန်ဆုံးပေါ်ပေါက်လာစေဖို့ မျှော်လင့်ချက်နဲ့ တစ်လစာကြော်ငြာဘုတ် ငှားရမ်းခ ဒေါ်လာ ၃၅၀၀ နှုန်းနဲ့ မာ့ခ်ရဲ့သူငယ်ချင်းတွေက စုပေါင်းကာ ကူညီပေးခဲ့ကြတာဖြစ်ပါတယ်။ အထပ်ခြောက်ထပ်စာလောက်မြင့်တဲ့ရောမကြော်ငြာဘုတ်ကြီးဖြစ်ပြီး ကျောက်ကပ်အလှူရှင်ပေါ်ပေါက်စေဖို့ သူ့ရဲ့မျှော်လင့်ချက်က ဒီကြော်ငြာဆိုင်းဘုတ်ကြီးလောက်ကို မြင့်မားနေပါတယ်လို့ မာ့ခ်က ဆိုပါတယ်။

(DM, 8.9.18) သံသာ

## နာမည်ကြီးနေသည့် PUBG ဂိမ်းထဲကအတိုင်း လိုက်တုကာ တိုက်ပေါ်က ခုန်ချခဲ့သည့်ကလေး အသက်သေဆုံးခဲ့ရ



ယခုတလော လူငယ်တွေကြားထဲမှာ နာမည်ကြီးနေတဲ့ မိုဘိုင်းဂိမ်းတစ်ခုဖြစ်တဲ့ PUBG ဂိမ်းကို စွဲလမ်းရူးသွပ်စွာ ဆော့ကစားနေခဲ့တဲ့ တရုတ်နိုင်ငံက ၁၃ နှစ်အရွယ်ကလေးတစ်ဦးက ဂိမ်းထဲက ဇာတ်ကောင်တွေအတိုင်း လိုက်တုပြီး တိုက်အမြင့်ပေါ်ကနေ ခုန်ချခဲ့တာကြောင့် အသက်သေဆုံးသွားခဲ့ရတယ်လို့ သိရပါတယ်။ ရှီထျန်စီလို့အမည်ရတဲ့ ဒီကလေးက ဟိုင်မန်မြို့က ဦးလေးရဲ့တိုက်ခန်းမှာ PlayerUnknown's Battlegrounds လို့ခေါ်တဲ့ PUBG ဂိမ်းကို သူ့ရဲ့ iPad လေးနဲ့ ဆော့ကစားနေခဲ့တာဖြစ်ပြီး သန်းခေါင်ကျော်အချိန်မှာ လေးထပ်အမြင့်ကနေ ခုန်ချခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့သားလေးက ဒီဂိမ်းကို အတော်လေး ရူးသွပ်စွဲလမ်းစွာ ဆော့ကစားနေခဲ့တာဖြစ်ပြီး ဂိမ်းဇာတ်ကောင်တွေလိုမျိုး အမြင့်နေရာကနေ ခုန်ချခဲ့ရင်လည်း အသက်ရှင်နေလိမ့်ဦးမယ်လို့ ထင်နေခဲ့တာဖြစ်ရမယ်လို့ မိခင်ဖြစ်သူ ယူလီဟွာက ဆိုပါတယ်။ ရှီထျန်စီက တိုက်ပေါ်ကခုန်ချပြီးသေဆုံးနေခဲ့တာကို မိုးလင်းချိန်ကျမှ သိခဲ့ကြပြီး မသေခင်ညကထိ အရာအားလုံးက ပုံမှန်အတိုင်းပါပဲလို့ ဦးလေးဖြစ်သူက ဆိုပါတယ်။ PUBG ဂိမ်းကို တရုတ်နိုင်ငံရဲ့ Tencent Games ကနေ ယခုနှစ်စပိုင်းကမှ ထုတ်လုပ်ဖြန့်ချိခဲ့တာဖြစ်ပြီး ကမ္ဘာတစ်ဝန်းကနေ ပါဝင်ဆော့ကစားသူ သန်း ၄၀၀ ကျော်ရှိလာခဲ့ပြီလို့သိရပါတယ်။ လူငယ်တွေကြားမှာ ဂိမ်းစွဲလမ်းမှုပြဿနာက မြင့်မားလာနေခဲ့ပြီး ဂိမ်းကိုတရားလွန်ဆော့ကစားရာကနေ အသက်အန္တရာယ်ကြုံတွေ့ရတဲ့အထိ ဆိုးရွားလာနေခဲ့တာဖြစ်ပါတယ်။

(DM, 8.9.18) သံသာ

## ကမ္ဘာ့ပထမဆုံး အမျိုးသမီးသီးသန့်ဂီတဖျော်ဖြေပွဲ ကျင်းပ





အမျိုးသားတွေ လုံးဝမပါဝင်ဘဲ အမျိုးသမီးအဆိုတော်တွေ၊ အမျိုးသမီးဂီတပညာရှင်တွေ၊ အမျိုးသမီးဖျော်ဖြေရေးသမားတွေနဲ့ အမျိုးသမီးပရိသတ်တွေချည်းသာပါဝင်ဆင်နွှဲခဲ့ကြတဲ့ ကမ္ဘာ့ပထမဆုံးအမျိုးသမီးသီးသန့်ဂီတဖျော်ဖြေပွဲကို ဆွီဒင်နိုင်ငံမှာ ကျင်းပသွားခဲ့ပါတယ်၊ အမျိုးသားတွေပါဝင်ဆင်နွှဲခွင့်မပြုတဲ့ ဒီဂီတဖျော်ဖြေပွဲမှာ အမျိုးသားစစ်စစ်တွေကိုသာ ကန့်သတ်တားမြစ်ထားခဲ့တာဖြစ်ပြီး လိင်ပြောင်းအမျိုးသမီးတွေနဲ့ ဘယ်လိင်အမျိုးအစားကိုမှ တစ်သမတ်တည်းခံယူထားခြင်း မရှိတဲ့ non-binary တွေလည်း ပါဝင်ဆင်နွှဲခဲ့ကြတယ်လို့သိရပါတယ်။ ဂိုသမ်ဘာ့ဂ်မြို့မှာ စက်တင်ဘာ လ ၁ရက်က ကျင်းပသွားခဲ့တာဖြစ်ပြီး ယခင်နှစ်က ဘရာဗယ်လာဂီတဖျော်ဖြေပွဲမှာ အမျိုးသားတွေရဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုတွေအများအပြား ပေါ်ပေါက်ခဲ့တဲ့အဖြစ်ကို တုံ့ပြန်တဲ့အနေနဲ့ အမျိုးသမီးသီးသန့် ဂီတဖျော်ဖြေပွဲကို ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ ဒါကဆွီဒင် အမျိုးသမီးဟာ သသရုပ်ဆောင်အမ်မာ နစ်ကာရီရဲ့ စိတ်ကူးဖြစ်ပြီး ပျော်ရွှင်မှုတွေရစေတဲ့ ဂီတဖျော်ဖြေပွဲမျိုးမှာ အမျိုးသမီးတွေအနေနဲ့ နောက်ထပ်လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်ခံရတာမျိုးမရှိစေဖို့ လှုံ့ဆော်တဲ့အနေနဲ့ ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲက အမျိုးသမီးတွေအတွက် တကယ့်ကို လုံခြုံမှုရှိတယ်လို့ခံစားခဲ့ရပြီး စိတ်လက်ပေါ့ပါးစွာနဲ့ ပျော်ရွှင်ခဲ့ကြရပါတယ်လို့ ဖျော်ဖြေပွဲကို လာရောက်ကြည့်ရှုခဲ့တဲ့ ပရိသတ်တစ်ဦးက ဆိုခဲ့ပါတယ်။

(DM, 8.9.18) သံသာ

## လက်နက်မျိုးစုံကြား နေထိုင်ရသည်ကိုပင် အထူးပျော်မွေ့နေသည့် လက်နက်သူဌေးကြီး



အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်က မဲလ်ဘန်စတိန်းဆိုတဲ့ အသက် ၇၁ နှစ်အရွယ် အဘိုးဖြစ်သူကို အမေရိကန်ရဲ့ လက်နက်သူဌေးကြီးလို့ ခေါ်ဆိုနေကြပါတယ်။ ဘန်စတိန်းက သူ့ရဲ့အိပ်ခန်းထဲမှာတောင် သေနတ်တွေ၊ လက်နက်တွေနဲ့အပြည့်ရှိနေမှ အိပ်ပျော်တဲ့လူစားမျိုးလို့လည်း ဆိုနေကြပါတယ်။ လက်ရှိနေထိုင်နေတဲ့ ကော်လိုရာဒို၊ အယ်ပါစိုစီရင်စုက ခြံဝန်းထဲမှာလည်း စစ်တပ်သုံးသံချပ်ကာယာဉ်တွေ၊ တင့်ကားတွေ၊ ဒုံးပစ်လက်နက်တွေနဲ့ စက်သေနတ်တွေအပါအဝင် လက်နက်ပေါင်းများစွာကို သိမ်းဆည်းထားတယ်လို့သိရပါတယ်။ စက်သေနတ်စုစုပေါင်း ၂၀၀၊ စစ်သုံးသံချပ်ကာယာဉ်နဲ့ တင့်ကားအစီးရေ ၈၀၊ ဒုံးလက်နက်တွေအပါအဝင် လက်နက်ပေါင်းမြောက်မြားစွာကို ဘဝတစ်လျှောက်စုဆောင်းထားခဲ့တာဖြစ်ပါတယ်။ ပထမကမ္ဘာစစ်ကနေ ဗီယက်နမ်စစ်ပွဲအထိ အသုံးပြုခဲ့တဲ့ လက်နက်အမျိုးမျိုးကိုလည်း စုစည်းဝယ်ယူသိမ်းဆည်းထားခဲ့ပါတယ်။ သူ့ရဲ့လက်နက်ပြတိုက်နဲ့ သေနတ်ပစ်ကွင်းကိုလည်း အလည်အပတ်နေရာအဖြစ် ဖွင့်လှစ်ပေးထားခဲ့ပြီး အပတ်တိုင်းလာရောက်လည်ပတ်ကြည့်ရှုသူ ရာနဲ့ချီရှိခဲ့တယ်လို့သိရပါတယ်။ စုဆောင်းထားခဲ့တဲ့ လက်နက်တွေနဲ့စစ်သုံးယာဉ်အားလုံးရဲ့ စုစုပေါင်းတန်ဖိုး ဒေါ်လာ ၁၀ သန်းနဲ့အထက်ရှိပြီး သေနတ်တွေချည်းတင် ဒေါ်လာ ရှစ်သန်းကျော်ဖိုးရှိတယ်လို့ သိရပါတယ်။ ဒုတိယကမ္ဘာစစ်က ကတုတ်ကျင်းကြီးတစ်ခုကိုလည်း ခြံထဲမှာပြန်လည်တည်ဆောက်ထားပြီး စစ်ယူနီဖောင်းဝတ်အရုပ်တွေလည်း ထားရှိကာ စစ်မြေပြင်ပြကွက်သဖွယ်ပြန်လည်ပုံဖော်ပြထားတယ်လို့လည်း သိရပါတယ်။

(DS, 8.9.18) သံသာ

www.free4readers.com



## ပစ်ထားခံရသည့် ကျောက်ဖရုံသီးက ရောမကျောက်ဖရုံသီးကြီး ဖြစ်လာ



ဗြိတိန်နိုင်ငံ ပို့စ်မောက်သ်ဒေသတွင် နေထိုင်သည့် အသက် ၆၇ နှစ်အရွယ် အငြိမ်းစား စာရင်းကိုင် အဘိုးအိုသည် အားလပ်ချိန်တွင် အပင်စိုက်လေ့ရှိသည်။ အပင်ဝါသနာပါသည့်အလျောက် အွန်လိုင်းကြည့်လျှင်လည်း အပင်နှင့်ပတ်သက်သည့်အကြောင်းအရာကိုသာ အကြည့်များရာ တစ်ခါသော် ကျောက်ဖရုံသီးမျိုးကောင်းမျိုးသန့်ရမည်ဆိုသည့် ကြော်ငြာကိုတွေ့သွားသည်။ ကြော်ငြာကို စိတ်ဝင်စားသဖြင့် ဂေါ်ဒွန်လိုဝိက ဖုန်းဆက်ပြီး မျိုးစေ့မှာလိုက်သည်။ **မျိုးစေ့ကို မြဲထဲတွင် ကြဲထားသော်လည်း အခြားသောအပင်များကို ဂရုစိုက်နေသဖြင့် ကြာသော် ၎င်းသည် ယင်းအပင်ကို မေ့သွားတော့သည်။ ခြောက်လခန့်ကြာသည့်အခါတွင်မှ ရောမ အသီးသဏ္ဍာန်အရာကြီးကိုတွေ့သဖြင့် အနီးကပ်စူးစမ်းကြည့်သောအခါတွင်မှ ၎င်းမျိုးထားသည့် ကျောက်ဖရုံပင်က အသီးသီးနေခြင်းဖြစ်ကြောင်း** သိသွားတော့သည်။ အသီးမှာ မည်မျှကြီးသနည်းဆိုလျှင် **အလေးချိန် ၄၈ ပေါင်ကျော်အထိ ရှိသည်။** ဂေါ်ဒွန်လိုဝိမှာလည်း မထင်မှတ်ဘဲရလာသည့် ဘုရားပေးဆုကြီးကြောင့် အံ့ဩဝမ်းသာမဆုံး တပြုံးပြုံးဖြစ်နေတော့သည်။

(CGTN, 8.9.18) ချယ်ရီ

## ကမ္ဘာ့ပဋ္ဌမမြောက် အကြီးမားဆုံး ဒီဇိုင်းဆန်း ဇိမ်ခံသင်္ဘောကြီးကို ရေချ



ကာနီဗယ်ကိုအော်ပရေးရှင်းဆိုသည့် သင်္ဘောတည်ဆောက် ထုတ်လုပ်ရေးလုပ်ငန်းက ၎င်းတို့ထုတ်ခဲ့သမျှ ဇိမ်ခံသင်္ဘောများထဲတွင် အကြီးမားဆုံးဖြစ်သည့် ဒီဇိုင်းဆန်း သင်္ဘောကြီးကို ရေချလိုက်ပြီဖြစ်သည်။ ဂျာမနီနိုင်ငံတွင် ပြုလုပ်သည့် ရေချပွဲကို ကုမ္ပဏီက ပါတီပွဲကြီးဖြင့် ကျင်းပခဲ့သည်။ ယင်းသင်္ဘောသည် **ကမ္ဘာပေါ်တွင် ပဋ္ဌမမြောက်အကြီးမားဆုံးသင်္ဘောဖြစ်ပြီး အရှည် ၁၁၀၆ ပေရှိကာ အထပ်ပေါင်း ၂၀ ပါပြီး စားသောက်ဆိုင်ပေါင်း ၁၇ ဆိုင်၊ အရက်ဘားပေါင်း ၂၀ အပြင် လောင်းကစားခန်းမ၊ တောင်တက်နံရံများ၊ ရေပေါ်တွင်တည်ဆောက်ထားသည့် ဥယျာဉ်၊ ဂေါက်ကွင်းအသေးစား၊ နောက်ဆုံးပေါ် အားကစားခန်းမတို့ပါဝင်သည်။ အထပ်သုံးထပ်ကို ယူထားသည့် ပြဇာတ်ရုံနှင့် စက်ရုပ်ဝန်ထမ်းများလည်း** သင်္ဘောပေါ်တွင်ပါသေးသည်။ အလေးချိန် တန် ၁၈၄ ၀၀၀ ရှိသည့် ယင်းကို ဒေါ်လာ သန်း ၈၂၀ အကုန်ကျခံတည်ဆောက်ထားခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းစေရန်အလို့ငှာ ဒီဇယ်မသုံးဘဲ ဓာတ်ငွေ့ရည်ကိုသာ သုံးသွားမည်ဖြစ်သည်။ သင်္ဘောကြီးတွင် **အထူးခြားဆုံးအချက်မှာ သင်္ဘောဦးကို ပြုံးနေသည့်မျက်နှာပုံ ခြယ်သထားခြင်းပင်ဖြစ်သည်။ ယင်းပေါ်တွင် ခရီးသည်ပေါင်း ၆၆၀၀ အထိ လိုက်ပါနိုင်မည်ဖြစ်သည်။**

(DM, 8.9.18) ချယ်ရီ

## ဝါးပြီးသား ပီကေရောင်စုံများဖြင့် အလှဆင်ထားသည့် နာမည်ကျော် နောက်ဖေးလမ်းကြား



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် **တစ်ဖက်တစ်ချက်၌ အမြင့် ၁၅ ပေ ၊ အရှည် ပေ ၇၀ ရှိသည့် နံရံနှစ်ခု ရှိသည်။ အဆိုပါနံရံနှစ်ခုကြားရှိ နောက်ဖေးလမ်းကြားလေးသည် အမေရိကရှိ နာမည်ကျော်နေရာများအနက်တစ်ခုဖြစ်**သည်။ ယင်းနေရာသည် ဖြတ်သွားဖြတ်လာများ ကပ်ထားခဲ့သည့် ပီကေရောင်စုံများဖြင့် ပြည့်နေသည့်နေရာပင်ဖြစ်သည်။ **ပီကေ ဖုံးနေသည့် အကျယ်သည် စုစုပေါင်း ၆၅ ပေရှိသည်။** ယင်းနောက်ဖေးလမ်းကြားတွင် ပီကေများ စကပ်ဖြစ်ခဲ့ပုံကို မည်သူမှ မသိပေ။ အချို့သောသမိုင်းဆရာများကမူ ယင်းဓလေ့သည် **ဒုတိယကမ္ဘာစစ်ပြီးနောက်တွင် စတင်ထွန်းကားလာကြောင်း၊ ကျောင်းပြီးသွားသည့် အထက်တန်းကျောင်းသားများက ထိုသို့ စပြီး ကပ်ခဲ့ကြကြောင်း၊ နောက်ပိုင်းသော် ပြိုင်ဘက်ကျောင်းသားနှစ်ဖွဲ့သည် ပီကေကို အပြိုင်အဆိုင်ကပ်ကြတော့ကြောင်း၊** ထိုမှစကာ အဆိုပါနောက်ဖေးလမ်းကြားသည် ပီကေလမ်းကြားဖြစ်သွားတော့ကြောင်းဆိုကြသည်။ **၁၉၇၀ ပြည့်လွန်နှစ်များတွင်မူ အထက်ပါနေရာသည် ဒေသခံများကြား လူသိများထင်ရှားသည့်နေရာဖြစ်လာသည်။** သို့သော် ဆိုင်ရှင်များက တိုင်တောသဖြင့် သက်ဆိုင်ရာက ယင်းပီကေများကို နှစ်ကြိမ်တိုင်တိုင် ရှင်းလင်းခဲ့သေးသည်။ သို့သော်လည်း ပြန်ဖြစ်လာသည်ပင်။ **ယခုအခါ အချို့က ယင်းကို အနုပညာလက်ရာအဖြစ် သဘောထားလာကြသည်။**

(AP, 8.9.18) ချယ်ရီ







www.free4readers.com



## ဟိမဝန္တာတောင်ပေါ်တွင် ဖွင့်လှစ်လိုက်သည့် စားသောက်ဆိုင်က ကမ္ဘာ့အမြင့်ဆုံးစားသောက်ဆိုင်အဖြစ် ဂင်းနက်စ်စံချိန်သစ်တင်





ဟိမဝန္တာတောင်တန်းများရှိ Island Peak တောင်ထိပ်မှ **၁၈၃၂၃ ပေအမြင့်တွင် Tiyagyoni အမည်ရှိစားသောက်ဆိုင်ကို ပြီးခဲ့သည့် ဇွန်လ ၂ ရက်ကဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ကမ္ဘာ့အမြင့်ဆုံးနေရာ၌တည်ရှိသည့်စားသောက်ဆိုင်အဖြစ်** ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့သည်ဟု သိရသည်။

အိန္ဒိယစားဖိုမှူးများဖြစ်သော Sanjay Thakur နှင့် Soundararajan တို့ဦးစီးဖွင့်လှစ်ခဲ့သော စားသောက်ဆိုင်၏ အမည်မှာ Tiyagyoni ဖြစ်ပြီး ဇီဝအခြေခံသောသဘာဝဟု အဓိပ္ပာယ်ရသည်။

Tiyagyoni စားသောက်ဆိုင်၏ ဟိမဝန္တာတောင်တန်းထိပ်မှမြင်တွေ့ရသည့်ရှုမျှော်ခင်းမှာ ရင်သပ်ရှုမောဖွယ်ရာကောင်းသော်လည်း Tiyagyoni တွင် စားသောက်နိုင်ရန်အတွက် တောင်ထိပ်သို့ရှစ်ရက်ကြာခရီးနှင်ရမည်ဖြစ်သည်။ Tiyagyoni စားသောက်ဆိုင်ကိုဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်သည် ဟိမဝန္တာတောင်တန်းကြီး၏ သဘာဝသယံဇာတများကိုမြင်တွေ့သိရှိနိုင်ရန်ဖြစ်သည်။ **တောင်ထိပ်မှလေထန်သည့်အခြေအနေနှင့်လိုက်လျောညီထွေဖြစ်ရန် ရွက်ဖျင်တဲထဲတွင်ဖွင့်လှစ်ထားပြီး သစ်သားပရိဘောဂများနှင့်နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုထားသည်၊ Tiyagyoni တွင် ဟင်းလျာပေါင်းရှစ်မျိုးရရှိနိုင်သည်ဟု** သိရသည်။

**(AP,10.9.18) အေးယုနိုင်**

## ဖန်ပြွန်နည်းပညာဖြင့် မွေးဖွားလာသည့် ကမ္ဘာ့ပထမဦးဆုံး ခြင်္သေ့လေးနှစ်ကောင်



ခြင်္သေ့လေးနှစ်ကောင်ကို ပထမဦး **ဆုံးအကြိမ်အဖြစ် ဖန်ပြွန်သန္ဓေသားနည်းပညာဖြင့် မွေးဖွားလိုက်နိုင်ပြီဖြစ်သည့်အတွက် မျိုးသုဉ်းလုနီးပါးဖြစ်နေသည့်ကြောင်ကြီးမျိုးနွယ်ဝင်များအတွက် အားတက်စရာဖြစ်လာပြီဟု** သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။ တောင်အာဖရိကတွင် ခြင်္သေ့မကြီးတစ်ကောင်က ခြင်္သေ့အထီးလေးတစ်ကောင်နှင့် ခြင်္သေ့အမလေးတစ်ကောင်ကို မေထုန်မဲ့သားစပ်နည်းဖြင့် မွေးဖွားလိုက်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အကောင်ရေအလွန်နည်းနေပြီဖြစ်သည့် ကျားနှင့် နှင်းထုထဲတွင် ကျင်လည်ကျက်စားသည့် ကျားသစ်တို့ကို အကောင်ရေ ပွားနိုင်ရန် မျှော်လင့်ချက်ရောင်ခြည်ရှိလာပြီဖြစ်သည်။ ပရက် တိုရီးယားတက္ကသိုလ်မှ ကျွမ်းကျင်သူများက ခြင်္သေ့ကို ဖန်ပြွန်သန္ဓေသားနည်းဖြင့် မျိုးပွားကြည့်ခဲ့ခြင်းဖြစ်သည်။ ခြင်္သေ့အထီးတစ်ကောင်ထံမှ သုက်ပိုးကို ပညာရှင်များက ယူလိုက်ပြီး ယင်းသုက်ပိုးကို ခြင်္သေ့အမ ခန္ဓာကိုယ်ထဲ ထိုးထည့်လိုက်ရာ သုံးလခွဲကြာသည့်အခါ ခြင်္သေ့မကြီးက ကျန်းမာသန်စွမ်းသည့် ပေါက်စလေးနှစ်ကောင်ကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ သားရဲ များထိန်းသိမ်းရေးစင်တာတွင် မွေးဖွားလာသည့် ယင်းခြင်္သေ့နှစ်ကောင်သည် ကျန်းမာရေး ဒေါင်ဒေါင်မြည်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ "စားကျက်မြေ မရှိတော့တာအပါအဝင် လူတွေရဲ့ ပယောဂကြောင့်သားရဲတိရစ္ဆာန်တွေ မျိုးသုဉ်းလုနီးပါးဖြစ်လာရတယ်။ ဒီလိုဖြစ်နေတဲ့တိရစ္ဆာန်တွေ မျိုးသုဉ်းမသွားအောင် အခုနည်းနဲ့ ကယ်လို့ ရနိုင်တယ်"ဟု ပါမောက္ခအန်ဒရီဂန်ဆွစ်က ဆိုသည်။

**(DM, 10.9.18)**
**ချယ်ရီ**

## မြောက်ကိုရီးယားက နှစ် ၇၀ ပြည့်အဖြစ် စစ်ရေးပြအခမ်းအနားကြီး ပြုလုပ်သော်လည်း တိုက်ချင်းပစ်ဒုံးကျည်ကို မထည့်သွင်း



နှစ် ၇၀ ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အနေဖြင့် မြောက်ကိုရီးယားက စစ်ရေးပြအခမ်းအနားကို စက်တင်ဘာလ ၉ ရက်တွင် **ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သော်လည်း ထိုပွဲတွင် တိုက်ချင်းပစ်ဒုံးကျည်ကြီးများကို ပွဲမထုတ်သွားဟု** သတင်းများကဆိုသည်။ ယင်းပွဲတွင် ခေါင်းဆောင်ကြီးကင်ဂျုံအန် မိန့်ခွန်းပြော၊ မပြောကိုမသိရပေ။ ယင်းပွဲတွင် မြောက်ကိုရီးယားက လက်နက်များ ထုတ်ပြလေ့ရှိသဖြင့် ပွဲကို မီဒီယာများက စောင့်ကြည့်ခဲ့ကြသည်။ ထို့ပြင် နျူကလီးယားချုပ်ငြိမ်းသွားစေရေး ကတိကို မြောက်ကိုရီးယားအလေးအနက် ထားမထားကိုလည်း ၎င်းတို့က ပွဲကိုကြည့်ကာ ခန့်မှန်းခဲ့ကြသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံခဲ့ပြီးပြီဖြစ်သဖြင့် မစ္စတာ ကင်သည် စစ်ရေးပြအခမ်းအနားကို အရှိန်လျှော့လိုက်လိမ့်မည်ဟု ကျွမ်းကျင်သူအချို့က ပွဲမစမီကတည်းကပင် ဟောကိန်းထုတ်ခဲ့ကြသည်။ **တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်ပြည်မကြီးအထိရောက်နိုင်ပြီး နျူထိပ်ဖူးကိုပါ တင်ဆောင်နိုင်ခြေရှိကာ** ယင်းတို့ကို ထုတ်ဖော်ပြသပါက ယင်းလုပ်ရပ်ကို ရန်လိုသည့်လုပ်ရပ်အဖြစ် အများက ရှုမြင်သွားနိုင်သည်။ စစ်ရေးပြအခမ်းအနားသာမက ကပြဖျော်ဖြေရေးပွဲများကိုလည်း လူအင်အား အလုံးအရင်းသုံးကာ မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည်။

**(BBC, 10.9.18)**
**ချယ်ရီ**

## ဒိုင်းနမိုက်ကို ဖယောင်းတိုင်နှင့်မှားကာ မီးထွန်းခဲ့သဖြင့် ပေါက်ကွဲသွားခဲ့ကာ ထိခိုက်ဒဏ်ရာအပြင်းအထန် ရသွားခဲ့



အမေရိကန်နိုင်ငံ ကွန်နက်တီကပ်ပြည်နယ် ဘရေ့ဂျ်ပို့မြို့က **အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးက ဒိုင်းနမိုက်ကို ဖယောင်းတိုင်နဲ့ မှားပြီး မီးထွန်းလိုက်တာကြောင့် ပေါက်ကွဲမှုဖြစ်သွားခဲ့ရကာ ထိခိုက်ဒဏ်ရာ အပြင်းအထန်ရသွားခဲ့ရတယ်**လို့သိရပါတယ်။ မိုးသက်မုန်တိုင်းတွေ ကျခဲ့တာကြောင့် ညဘက်မီးပြတ်သွားချိန်မှာ အမှောင်ထဲမီးထွန်းဖို့ အရေးပေါ်မီးအတွက် စတိုးဆိုင်သွားဝယ်ဖို့ စဉ်းစားခဲ့သေးပေမယ့် စတိုးဆိုင်ပိတ်ချိန်ဖြစ်နေတာကြောင့် အိမ်မှာပဲရှာဖွေခဲ့ရာမှာ **မြေအောက်ခန်းထဲ ယခင်ပိုင်ရှင်တွေ ချန်ထားခဲ့တဲ့ ဖယောင်းတိုင်ကို တွေ့ရှိခဲ့ကာ ထွန်းညှိခဲ့တာမှာ ဖယောင်းတိုင်မဟုတ်ဘဲ ဒိုင်းနမိုက်ဖြစ်နေခဲ့ပြီး လက်ထဲမှာတင် ပေါက်ကွဲသွားခဲ့ပါတယ်။** ပေါက်ကွဲမှုကြောင့်မျက်နှာမှာ အကြီးအကျယ် ထိခိုက်ဒဏ်ရာရခဲ့ရပြီး လက်ချောင်းတွေမှာလည်း ထိခိုက်ဒဏ်ရာရသွားခဲ့တာကြောင့် လက်ချောင်းတစ်ချောင်းထက်မနည်း ဆုံးရှုံးသွားရနိုင်ခြေရှိတယ်လို့ မီးသတ်တပ်ဖွဲ့အကြီးအကဲ မိုက်ကယ်ကယ် ဒါရွန်နီက ဆိုပါတယ်။ ပေါက်ကွဲမှုက ပြင်းထန်တာကြောင့် ပြတင်းမှန်တစ်ချပ်ပါ ကွဲအက်လွင့်စဉ်သွားခဲ့တယ်လို့ သိရပါတယ်။ ပေါက်ကွဲမှုဖြစ်ပွားချိန် အိမ်မှာ ခင်ပွန်းဖြစ်သူနဲ့ ကလေးနှစ်ဦးလည်းရှိနေခဲ့ပေမယ့် အဆိုပါအမျိုးသမီးကလွဲပြီး တခြားဘယ်သူမှထိခိုက်ဒဏ်ရာရတာမျိုးမရှိခဲ့ဘူးလို့ သိရပါတယ်။ အိမ်နီးချင်းအိမ်တွေမှာ လည်း ပေါက်ကွဲနိုင်တဲ့ ဒိုင်းနမိုက်တွေ ရှိမရှိကို ဝင်ရောက်စစ်ဆေးခဲ့ကြပြီး သံသယဖြစ်ဖွယ်တွေ့ရှိတာနဲ့ အကြောင်းကြားကြဖို့ ရဲတပ်ဖွဲ့က နှိုးဆော်မှာကြားထားခဲ့ပါတယ်။

**(ID, 10.9.18) သံသာ**

## ထရမ့်ထံလိပ်မူကာ ကင်ဂျုံအန်က ပေးစာတစ်စောင် ထပ်မံပေးပို့




**အမေရိကန်သမ္မတထရမ့်ထံ ပေးပို့လာသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ပေးစာကို လက်ခံရရှိထားခဲ့ပြီဖြစ်ကြောင်း** အမေရိကန်အစိုးရအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ သမ္မတထရမ့်ထံပေးပို့လာသည့် ကင်ဂျုံအန်၏ ပေးစာကို ကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ခ်ပွန်ပေယိုက ကိုရီးယားစစ်မဲ့ဇုန်တွင် လက်ခံရရှိလာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရက အတည်ပြုခဲ့ခြင်းဖြစ်သည်။ ကင်ဂျုံအန်က မိမိထံသို့ စာတစ်စောင်ရေးသားပေးပို့ခဲ့ပြီဖြစ်ကာ မိမိထံသို့မကြာမီရောက်လာတော့မည်ဖြစ်ကြောင်း၊ အပြုသဘောဆောင်သည့် ပေးစာဖြစ်လိမ့်မည်ဟုယုံကြည်ကြောင်း သမ္မတထရမ့်က ထုတ်ဖော်ပြောကြားထားခဲ့သေးသည်။ စင်ကာပူတွင်ကျင်းပခဲ့သည့် ထိပ်သီးစည်းဝေးပွဲမတိုင်မီကလည်း ကင်ဂျုံအန်ထံမှ အလားတူပေးစာရရှိခဲ့ဖူးပြီး ထိုထိပ်သီးစည်းဝေးပွဲကြီးနောက်ပိုင်းတွင် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား ပြောင်းလဲမှုများ စတင်ဖြစ်ပေါ်လာစေခဲ့ခြင်း ဖြစ်သည်။ ယခုတစ်ဖန် တောင်ကိုရီးယားအထူးသံတမန်အဖွဲ့ မြောက်ကိုရီးယားနိုင်ငံ၊ ပြုံယမ်းသို့ သွားရောက်ခဲ့စဉ်ကလည်း **မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကို လုပ်ဆောင်သွားလိုသည်ဟု ကင်ဂျုံအန်က ပြောဆိုသွားခဲ့ကြောင်း** သံတမန်အဖွဲ့အကြီးအကဲ ချောင်ယူယောင်က ထပ်ဆင့်ပြန်လည်ဖော်ပြခဲ့ရာ **သမ္မတထရမ့်ကလည်း ကင်ဂျုံအန်ကို ကျေးဇူးတင်ကြောင်း** တွစ်တာတွင် ပြန်လည်တုံ့ပြန်ရေးသားခဲ့သည်။

**(CNN, 10.9.18)**

www.free4readers.com



## ဘော့စဝါနာဘေးမဲ့တောတွင် ဆင်သေအကောင် ၉၀ နီးပါးကို တွေ့ရှိ



ဘော့စဝါနာနိုင်ငံရှိ Chobe National Park တွင် ဆင်သေ ၈၇ ကောင်ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု သိရသည်။

ကိုယ်ကျိုးမဖက်သည့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Elephants Without Borders အဖွဲ့က ဆင်သေများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းမှာ **အာဖရိကတွင် ပမာဏအကြီးဆုံးတရားမဝင်ဆင်များ အမဲလိုက်သတ်ဖြတ်မှုဖြစ်သည်၊ ဆင်များအားလုံးမှာ ဆင်စွယ်ဖြတ်ခံထားရပြီး ဆင်သေများကိုလည်း သစ်ကိုင်းခြောက်များဖြင့် ဖုံးအုပ်ထားခဲ့ကြသည်၊ဘော့စဝါနာနိုင်ငံသည် ကမ္ဘာပေါ်တွင်ဆင်ကောင်ရေ အများဆုံး ရှိရာနိုင်ငံဖြစ်ပြီး** အာဖရိကတိုက်တစ်ခုလုံး၏ ဆင်ကောင်ရေ ၃၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ သို့သော် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်ကြားတွင် အာဖရိက၌ဆင်ကောင်ရေသည် ၃၀ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ အာဖရိကတိုက်မှဆင်ကောင်ရေ ၈၄ ရာခိုင်နှုန်းမှာလည်း တရားဥပဒေဖြင့် အကာအကွယ်ပေးထားသောဧရိယာများအတွင်း၌သာ မြင်တွေ့ရခြင်းဖြစ်သည်။ ဘော့စဝါနာနိုင်ငံတွင် ယခင်က တရားမဝင်ဆင်အမဲလိုက်သမားများကို ပစ်သတ်နိုင်သည့် မူဝါဒကိုကျင့်သုံးခဲ့သော်လည်း သမ္မတမာဆီဆီအာဏာရရှိလာပြီးနောက်တစ်လအကြာ ပြီးခဲ့သည့်မေလက **တရားမဝင်ဆင် အမဲလိုက်မုဆိုးများနှိမ်နင်းရေးအဖွဲ့ကို ဖျက်သိမ်းခဲ့**သည်။ ယခုကဲ့သို့ဆင်ကောင်ရေ များပြားစွာ သတ်ဖြတ်မှုကို ယခင်ကမြင်တွေ့ခဲ့ရဖူးခြင်းမရှိဘဲ မူဝါဒပြောင်းလဲမှုကြောင့် ဘော့စဝါနာနိုင်ငံသည် တရားမဝင်ဆင်အမဲလိုက်မုဆိုးများအတွက် မျက်စိကျစရာနေရာဖြစ်လာနေပြီဟု သိရသည်။

**(AP,10.9.18)** အေးယုနိုင်

## ရုရှားနျူကလီးယားရေငုပ်သင်္ဘောများက ဗြိတိန်ရေပိုင်နက်တွင် ဝင်ထွက်သွားလာနေသော်လည်း ဗြိတိန်ရေတပ်က ထောက်လှမ်းရှာဖွေနိုင်စွမ်းမရှိဖြစ်နေ



အဆင့်မြင့်ကိုယ်ဖျောက်စွမ်းရည်ပိုင်ဆိုင်ထားသော ရုရှားနျူကလီးယားရေငုပ်သင်္ဘောများသည် ဗြိတိန်ရေပိုင်နက်အတွင်းသို့ဝင်ထွက်သွားလာနေကြသော်လည်း ဗြိတိန်ရေတပ်ကထောက်လှမ်းရှာဖွေနိုင်စွမ်းမရှိဖြစ်နေပြီး ၎င်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု သိရသည်။

ရုရှားသမ္မတပူတင်၏ **နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာသုံး ရေငုပ်သင်္ဘောများသည် ရေထဲတွင် တိတ်တဆိတ်သွားလာနိုင်စွမ်းရှိပြီး အသံလှိုင်းကိရိယာအပါအဝင် ရေအောက်ကာကွယ်ရေးစနစ်များဖြင့်ထောက်လှမ်း၍မရပေ၊** စစ်ထောက်လှမ်းရေးသတင်းများအရ ရုရှားရေငုပ်သင်္ဘောသစ်များသည်ဗြိတန်ရေငုပ်သင်္ဘောများကိုထောက်လှမ်းရန် စကော့တလန်ရှိ ထိပ်တန်းလျှို့ဝှက် Faslane အခြေစိုက်စခန်းမှ ထွက်ခွာသွားကြပြီဖြစ်သည်။ ၎င်းအပြင် ရုရှားသည် အင်္ဂလိပ်ရေလက်ကြားအောက်ရှိ အရေးပါသော စွမ်းအင်၊ကြေးနန်းနှင့်ကေဘယ်လ် ဆက်သွယ်ရေးလမ်းကြောင်း ကွန်ရက်များ၏ မြေပုံကိုရေးဆွဲရန် ကြိုးပမ်းနေသည့်အတွက် ၎င်းကွန်ရက်များသာဖျက်ဆီးခံခဲ့ရပါက ဗြိတိန်သည် အမှောင်ကျကာ ရုတ်ရုတ်သဲသဲဖြစ်သွားလိမ့်မည်ဖြစ်သည်။ **၂၀၁၅ ခုနှစ်ကတည်းက ဗြိတိန်ရေပိုင်နက်အတွင်း ရုရှားရေငုပ်သင်္ဘောများ၏ လှုပ်ရှားမှုသည် ၁၀ ဆမြင့်တက်လာခဲ့ခြင်းဖြစ်**သည်ဟု သိရသည်။ **(AP,10.9.18)** အေးယုနိုင်

## ကင်ဂျုံအန်ပုံဖမ်းဝိဇ္ဇာက ကင်ဂျုံအန်နှင့်တူသည့် မျက်နှာကြောင့် အမျိုးသမီး ၁၀၀ ကျော်နှင့် ချိန်းတွေ့နိုင်ခဲ့သည်ဟု ဆို




နာမည်ကျော် ကင်ဂျုံအန်ပုံဖမ်းဝိဇ္ဇာ Howard X က ၎င်း၏**ကင်ဂျုံအန်နှင့်တူသည့်မျက်နှာကြောင့် အမျိုးသမီး ၁၀၀ ကျော် နှင့်ချိန်းတွေ့နိုင်ခဲ့**သည်ဟု ဆိုလိုက်ကြောင်း သိရသည်။

Howard X ကို ကမ္ဘာ့အထင်ကရအခမ်းအနားများတွင် ကင်ဂျုံအန်၏ပုံစံဖြင့် မကြာခဏမြင်တွေ့ရလေ့ရှိသည်။ Howard X က ကင်ဂျုံအန်ပုံဖမ်းဝိဇ္ဇာအဖြစ် လုပ်ကိုင်လာသည့်တစ်လျှောက်လုံးတွင် **ပြီးခဲ့သည့်ငါးနှစ်ခန့်မှစတင်ကာ အမျိုးသမီးပေါင်း ၁၀၀ ကျော်ဖြင့်ချိန်းတွေ့နိုင်ခဲ့ပြီး မြင်မြင်သမျှ အမျိုးသမီးများကလည်း ၎င်းနှင့်ဓာတ်ပုံတွဲရိုက်လိုကြသူများသာဖြစ်သည်ဟု ဆိုခဲ့သည်၊** ဟောင်ကောင်အခြေစိုက် How-ard X သည် မည်သည့်အခါမှ ၎င်း၏အမည်ရင်းကို ထုတ်ဖော်ပြောဆိုလေ့မရှိသူဖြစ်သည်။ ၎င်းအပြင် **ကင်ဂျုံအန်အနေဖြင့် ပွဲတက်ရန်အတွက်လည်း တစ်ပွဲလျှင် ၁၂၉၂၂ ဒေါ်လာရရှိလေ့ရှိ**သည်။ ကင်ဂျုံအန်နှင့်တူသည့်မျက်နှာကြောင့် ကမ္ဘာကျော်အနုပညာ ရှင်ပေါင်းများစွာနှင့်လည်း တွေ့ဆုံနိုင်ခဲ့သည့် Howard X သည် ၂၀၁၅ ခုနှစ်ကပင် လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပသည့်ဂရမ်မီဆုပေးပွဲ၌ အဆိုတော် ကေတီပယ်ရီကို အံ့အားသင့်အောင်လုပ်ဆောင်ခဲ့သေးသည်ဟု သိရ သည်။

**(AP,10.9.18)** အေးယုနိုင်

## အိန္ဒိယပြတိုက်မှ ကျောက်သံပတ္တမြားများ စီခြယ်ထားသည့် ရွှေထမင်းဘူး ခိုးယူခံရ



အိန္ဒိယနိုင်ငံ ဟိုင်ဒါယာဘတ်မြို့အတွင်းရှိ Nizam ပြတိုက်မှ **ပတ္တမြား၊ စိန်နှင့်မြကျောက်များစီခြယ်ထားသော ရွှေထမင်းဘူး၊ လက်ဖက်ရည်ခွက်၊ ပန်းကန်ပြားနှင့်ဇွန်းတို့မှာ ခိုးယူခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောဆိုခဲ့**ကြောင်းသိရသည်။

ဖောက်ထွင်းရေးသမားများက ညအချိန်တွင် ဝင်ရောက်သွားခဲ့ကြခြင်းဖြစ်ပြီး ပြတိုက်တာဝန်ခံများက ပစ္စည်းများပျောက်ဆုံးနေသည့်အခါမှသာ ရဲစခန်းသို့ တိုင်ကြားခဲ့ကြခြင်းဖြစ်သည်။ ပြတိုက်ပထမထပ်ရှိ အနံ့ဆိုးထုတ်ပန်ကာမှ သံဆန်ကာကိုဖယ်ရှား၍ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကြိုးကိုအသုံးပြုခဲ့သည်ဟုယူဆရကြောင်း ရဲများက ဆိုခဲ့သည်။ ယခင်ဟိုင်ဒရာဘတ်နိုင်ငံဟောင်းကိုအုပ်ချုပ်သူများဖြစ်သော Nizams မိသားစုမှပိုင်ဆိုင်သည့် ကျောက်သံပတ္တမြားစီခြယ်ထားသောရွှေထမင်းဘူး၊ လက်ဖက်ရည်ခွက်၊ ပန်းကန်ပြားနှင့်ဇွန်းတို့ကို တော်ဝင်မိသားစု၏အခြားပိုင်ဆိုင်မှုပစ္စည်းဥစ္စာများနှင့်အတူ ပြတိုက်တွင်ပြသထားခြင်းဖြစ်သည်။ အဆိုပါပြတိုက်တွင် **တော်ဝင်မိသားစုပိုင်ဆိုင်သည့်ကားများကိုပြသထားပြီး ၎င်းတို့ထဲမှ ၁၉၃၀ ပြည့်နှစ်ထုတ် Rolls Royce ကားသည် ၁၉၃၀ ပြည့်နှစ်က ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်သောခြောက်ဆက်မြောက် Nizam ဘုရင်၏ကားဖြစ်သည်၊ Nizam မိသားစုဦးစီးသည့် Nizam Trust ရန်ပုံငွေအဖွဲ့က ၂၀၀၀ ပြည့်နှစ်တွင် ပြတိုက်ကိုဖွင့်လှစ်ခဲ့ပြီး** မြို့၏အထင်ကရနေရာတစ်ခုဖြစ်လာခဲ့သည်ဟု သိရသည်။

**(AP,10.9.18)** အေးယုနိုင်

## တရုတ်နိုင်ငံတွင် လူစွန့်စားများအတွက် ပေ ၁၀၀၀ မြင့်သည့် ချောက်ထရံအစွန်း၌ ချောက်ကမ်းပါးဘက်သို့ တွန်းလွဲရသည့်ဒန်းများကို တည်ဆောက်ဖွင့်လှစ်



တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ရှင်မီမြို့ရှိ နာမည်ကျော်ဖူရှီးတောင်ကြားတွင် **မြေမျက်နှာပြင်အထက်ပေ ၁၀၀၀ အမြင့်ရှိကျောက်ထရံအစွန်း၌ လူစွန့်စားများအတွက် ဧရာမဒန်းကြီးများကို တည်ဆောက်**ဖွင့်လှစ်ပေးလိုက်သည်ဟု သိရသည်။

ကျောက်ထရံထိပ်မှ ဧရာမဒန်းကြီးငါးခုကို ဒေါ်လာ ၇၃၀၀၀၀ အကုန်အကျခံတည်ဆောက်ထားပြီး စက်တင်ဘာလ ၈ ရက်တွင်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါဒန်းများကို စီးနင်းသူများသည် **ဒန်းတွင်တပ်ဆင်ထားသည့်ခါးပတ်များကို ဝတ်ဆင်ထားရပြီး ၉၀ ဒီဂရီထောင့်မှန်အနေအထားတွင် မြေပြင်နှင့်မျက်နှာချင်းဆိုင်ဖြစ်သွားသည်အထိ ချောက်ကမ်းပါးဘက်သို့ လွှဲယမ်းခံရသည်**ကိုမြင်တွေ့ရသည်။ အလုပ်သမားများကလည်း ဒန်းများကို နေ့စဉ်ပြုပြင်မွမ်းမံမှုများပြုလုပ်လျက်ရှိသည်။ သို့သော် **အသက် ၁၆ နှစ်မှ ၄၅ နှစ်အတွင်းရှိသူများသာ ဒန်းစီးခွင့်ရှိပြီး ၎င်းတို့မှာလည်း အရပ် ၃ ပေနှင့် ၁၁ လက်မကျော်ရှိသူ၊ကိုယ်အလေးချိန် ၈၈ ပေါင်မှ ၁၉၈ ပေါင်ကြားရှိသူဖြစ်ရန်လည်း လိုအပ်သေးသည်၊ ဒန်း၏ကြံ့ခိုင်မှုအတွက် သံမဏိတိုင်လုံးကြီးများဖြင့် တည်ဆောက်ထားခြင်းဖြစ်**သည်ဟု သိရသည်။

**(DM,10.9.18)** အေးယုနိုင်

www.free4readers.com



## တန်ဖိုး ဒေါ်လာ တစ်ထရီလျံရှိသော ကမ္ဘာ့ဒုတိယမြောက်ကုမ္ပဏီဖြစ်လာသည့် အမေဇုန်

**အမေဇုန်ကုမ္ပဏီကြီးသည် တန်ဖိုး ဒေါ်လာ တစ်ထရီလျံတန်သည့် ကမ္ဘာ့ဒုတိယမြောက် အများပိုင်ကုမ္ပဏီဖြစ်လာကာ အက်ပဲလ်ခြေရာကို လိုက်နင်းလိုက်သည်။** အဆိုပါ အွန်လိုင်းရောင်းဝယ်ရေးကုမ္ပဏီကြီး၏ ရှယ်ယာတန်ဖိုးသည် နှစ်ရာခိုင်နှုန်း အမြင့်ဆုံးတက်သွားကာ စံချိန်ချိုးသည့် ကမ္ဘာ့ဒုတိယကုမ္ပဏီဖြစ်လာခြင်းဖြစ်သည်။ သို့သော် မကြာမီတွင်ပင် ပြန်ကျသွားတော့သည်။ မည်သို့ပင်ဆိုစေကာမူ စံချိန်ကိုချိုးနိုင်သည့် ဒုတိယမြောက်ကုမ္ပဏီအဖြစ် စာရင်းဝင်သွားပြီဖြစ်သည်။ အက်ပဲလ်က စံချိန်ကို ဩဂုတ်လတွင် ဖွေဆော်ဦး ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အမေဇုန်က ၁၆၅ ရက်အတွင်း တန်ဖိုး ဒေါ်လာ ဘီလျံ ၆၀၀ မှ တစ်ထရီလျံ တက်သွားခြင်းဖြစ်ပြီး အက်ပဲလ်က ၁၈၃ ရက်အတွင်းတွင်မှ တန်ဖိုး ဒေါ်လာ ဘီလျံ ၉၀၀ မှ တစ်ထရီလျံအထိ တက်သွားခဲ့ခြင်းဖြစ်သည်။ မတူညီသည့် လုပ်ငန်းအမျိုးအစားနှစ်ခုကို ယှဉ်ထိုးနှိုင်းယှဉ်သည်မှာ ရယ်စရာဖြစ်နေသည်ဟု နည်းပညာကျွမ်းကျင်သူ ရှော့ဘ်အန်ဒါလ်က ဆိုသည်။ **၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အမေဇုန်သည် အွန်လိုင်းစာအုပ်ရောင်းဝယ်ရေးလုပ်ငန်းလေးမှ အစပြုခဲ့ကာ တစ်ဟုန်ထိုးအောင်မြင်သွားခြင်းဖြစ်သည်။**

**(DM, 8.9.18)** ချယ်ရီ

## ဖိလစ်ပိုင်တွင် ခေတ်အဆက်ဆက် သမ္မတများစီးခဲ့ကြသည့် မော်တော်ကားများကို စုစည်းကာ သမ္မတမော်တော်ကားပြတိုက်အဖြစ် ဖွင့်လှစ်ပြသ




ဖိလစ်ပိုင်နိုင်ငံ ကွီဇွန်စီးတီးက **ကွီဇွန်အမှတ်တရဥယျာဉ်အတွင်းမှာ သမ္မတမော်တော်ကားပြတိုက်ကို ဖွင့်လှစ်ထားခဲ့ပြီး** ဖိလစ်ပိုင်နိုင်ငံရဲ့ခေတ်အဆက်ဆက် သမ္မတတွေ စီးနင်းခဲ့ကြတဲ့ သမ္မတမော်တော်ယာဉ်တွေကို တစုတစည်းတည်း ပြသထားတယ်လို့သိရပါတယ်။ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသမိုင်းကော်မရှင်ရဲ့ စီမံချက်ဖြစ်ပြီး ကွီဇွန်မြို့တော်ဝန် ဟာဘတ်ဘော်တစ်စတာက ဦးဆောင်ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီပြတိုက်ဖွင့်ပွဲမှာ ကွယ်လွန်ခဲ့ပြီးသော သမ္မတဟောင်းတွေရဲ့ မိသားစုဝင်တွေလည်း တက်ရောက်ခဲ့ကြတယ်လို့သိရပါတယ်။ **ဖိလစ်ပိုင်နိုင်ငံရဲ့ သမိုင်းဝင်အထင်ကရ မော်တော်ယာဉ်တွေနဲ့ သမ္မတတွေရဲ့ မော်တော်ကား ၁၄ စီးကို ပြသထားပြီး** ကားလိုဗ်ပီဂါစီယာနဲ့ ဘင်နီဂနိုအကွီနို ၃ တို့ရဲ့ သမ္မတမော်တော်ကားတွေကိုလည်း ထပ်တိုး ထားရှိဖို့ စီစဉ်နေကြတယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာ ဖိလစ်ပိုင်သမ္မတမော်တော်ကားပြတိုက်မှာ **အများပြည်သူကြည့်ရှုလေ့လာခွင့်ရစေဖို့ ဖွင့်လှစ်ထားခဲ့ပြီဖြစ်ကာ ဝင်ကြေးအခမဲ့နဲ့ လေ့လာနိုင်ပြီ**လို့သိရပါတယ်။

**(DM, 8.9.18)** သံသာ

## ကားပျံကို အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည့် ဖိလစ်ပိုင်လူမျိုး တီထွင်သူ



ဖိလစ်ပိုင်လူမျိုး တီထွင်သူတစ်ဦးသည် ကားပိတ်သည့်ဒဏ်ကို ရှောင်နိုင်မည့်နည်းကို ရှာတွေ့သွားပြီဖြစ်သည်။ ယင်းမှာ ကားပျံပင်ဖြစ်တော့သည်။ ဖိလစ်ပိုင်နိုင်ငံ ကွီဇန်မြို့တွင်နေသည့် ကိုင်ဇ်မန်ဒိုဇာနှင့် အပေါင်းအပါများသည် လွန်ခဲ့သည့်ခြောက်နှစ်ကတည်းကစကာ ယင်းကို တီထွင်ခဲ့သည်။ ယခုလဆန်းပိုင်းတွင်မူ ၎င်းတို့ကြိုးစားခဲ့သမျှ အရာထင်သွားပြီဖြစ်သည်။ ယင်းကိုစမ်းသပ်မောင်းနှင်ရာ **မြေပြင်အထက် ၂၅ ပေခန့်အထိ ပျံတက်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိကားပျံမှာ တစ်ယောက်သာဆံ့သော်လည်း** နှစ်ယောက်ဆံ့နိုင်မည့်ကားပျံကို စီးပွားဖြစ် အဖြောက်အမြား ထုတ်လုပ်သွားရန် စီစဉ်နေကြောင်း ၎င်းက ဆိုသည်။ ကားပျံကို အလွန်ပေါ့ပါးသည့် ကာဗွန်ဖိုက်ဘာကိုယ်ထည်တို့ဖြင့် လုပ်ထားသည်။ ယင်းသည် ဘက်ထရီအားဖြင့် သွားခြင်းဖြစ်ပြီး ထိုဘက်ထရီများကို နှစ်နာရီကြာအားသွင်းပေးပါမှ ၁၂ မိနစ်မှ ၁၅ မိနစ်အထိ အသုံးခံမည်ဖြစ်သည်။ မိမိ၏ကားပျံကို ရောင်းချသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံလိုသူများကိုလည်း ဖိတ်ခေါ်ကြောင်း အပျော်တမ်းအင်ဂျင်နီယာဖြစ်သူ ၎င်းကဆက်လက်ပြောပြသည်။ "ဒီမှာပါတဲ့ အဓိက စနစ်ကတော့ **ဘက်ထရီအား ကုန်သွားရင်တောင်မှ ပျံသန်းမှုကို ထိန်းပေးထားနိုင်တဲ့စနစ်ပဲ**"ဟု ၎င်းက ဆိုသည်။

**(DM, 8.9.18)** ချယ်ရီ

## ဓားပြတရားခံနှင့် ရုပ်ချင်းဆင်နေသဖြင့် လူမှားကာ ထောင်ဒဏ် ၁၇ နှစ် ချမှတ်ခံလိုက်ရသူက နစ်နာကြေး ဒေါ်လာ တစ်သန်း တောင်းဆို




အမေရိကန်နိုင်ငံ ကန်းဆက်ပြည်နယ် ကန်းဆက်စီးတီးမှ ရစ်ချတ်အန်ထော်နီဂျုံးစ်ဆိုတဲ့ အမျိုးသားတစ်ဦးဟာ **ဓားပြတရားခံနဲ့ ရုပ်ချင်းဆင်တူနေခဲ့တာကြောင့် တစ်ကြိမ်တစ်ခါမှ မကျူးလွန်မိဖူးတဲ့ပြစ်မှုအတွက် ထောင်ဒဏ် ၁၇ နှစ် မှားယွင်းချမှတ်ခံလိုက်ရပါတယ်။** ၁၉၉၉ ခုနှစ်တုန်းက လက်နက်ကိုင်ဓားပြတိုက်မှုမှာ မျက်မြင်သက်သေတစ်ဦးက တရားခံအစစ်နဲ့ရုပ်ချင်းဆင်တူနေတဲ့ ရစ်ချတ်ကို တရားခံလို့အမြင်မှားခဲ့ပြီး ပြစ်မှုတရားခံအဖြစ် အသေအချာတပ်အပ်ဆိုခဲ့တာကြောင့် ရစ်ချတ်က တရားခံအစစ်အစား ထောင်ဒဏ် ၁၇ နှစ်ချမှတ်အရေးယူခံလိုက်ရတာဖြစ်ပါတယ်။ **ထောင်ကျနေတုန်းမှာပဲ အကျဉ်းသားတစ်ဦးက ရစ်ချတ်က ရစ်ကီအမော့စ်လို့အမည်ရတဲ့ လူမိုက်တစ်ယောက်နဲ့ ရုပ်ချင်းအရမ်းဆင်တယ်လို့ မှတ်ချက်ပြုခံခဲ့ရချိန်မှာ သူ့ကိုထောင်ကျစေခဲ့တဲ့သူဖြစ်လိမ့်မယ်လို့ သဘောပေါက်သွားခဲ့ပြီး** လွဲမှားပြစ်ဒဏ်ချခံရသူတွေအတွက် တရားရေးဆိုင်ရာ အခမဲ့ ကူညီမှုပေးနေတဲ့ Midwest Innocent Project အဖွဲ့အစည်းနဲ့ ဆက်သွယ်ခဲ့ပါတယ်။ တရားခံအစစ်ဖြစ်တဲ့ ရစ်ကီအမော့စ်ကို ရဲတွေက ခြေရာခံဖမ်းဆီးနိုင်ခဲ့ပြီး ရစ်ချတ်ကပြန်လည်လွတ်မြောက်ခွင့်ရခဲ့ပါတယ်။ **ဒီလိုလူမှားပြီး ပြစ်ဒဏ်ချမှတ်ခံရတာကြောင့် ၁၇ နှစ်ကြာ မိသားစုနဲ့ ဝေးကွာနေခဲ့ရတဲ့အပြင် အသိုင်းအဝိုင်းကြားမှာ လူ့အထင်အမြင်သေးခံခဲ့ရကာ** သမီးတွေရဲ့ဖခင်တစ်ဦးအဖြစ် စောင့်ရှောက်ပေးနိုင်ခဲ့ခြင်းမရှိတာကြောင့် ကန်းဆက်**အစိုးရဆီမှာ ရစ်ချတ်က လွဲမှားထောင်ဒဏ်ကျခံရတဲ့ တစ်နှစ်ချင်းစီကို ဒေါ်လာ ၆၄၀၀၀ နှုန်းနဲ့ နစ်နာကြေးစုစုပေါင်း ဒေါ်လာ ၁ ဒသမ ၁ သန်း တောင်းဆိုထားခဲ့တာ**ဖြစ်ပါတယ်။ နစ်နာကြေးသာရခဲ့မယ်ဆိုရင် သူ့သမီးတွေအတွက် လိုအပ်နေတဲ့ ပညာရေးစရိတ်နဲ့ အိမ်အသုံးစရိတ်တွေမှာ အသုံးပြုသွားမယ်လို့ ရစ်ချတ်က ဆိုပါတယ်။

**(DM, 7.9.18)** သံသာ

## အမေရိကန်က ပိတ်ဆို့အရေးယူမည်ဟု ခြိမ်းခြောက်သော်ငြား အိန္ဒိယက ရုရှားလေကြောင်းကာကွယ်ရေးစနစ်ကို ဝယ်မည်



အမေရိကန်အစိုးရက ပိတ်ဆို့အရေးယူမှုများ လုပ်သွားမည်ဟု ခြိမ်းခြောက်ထားသော်ငြား ရုရှားထံမှ လေကြောင်းကာကွယ်ရေးစနစ်ဝယ်ယူရန် အိန္ဒိယက ဆုံးဖြတ်လိုက်ကြောင်း သတင်းများအရ သိရသည်။ **ရုရှားကို ဖိအားပေးလိုသဖြင့် အမေရိကန်က ရုရှားလက်နက်များ ဝယ်ယူလိုသူများကို မဝယ်ရန်၊ ဝယ်လျှင် ပိတ်ဆို့အရေးယူမှု ခံရမည်ဟု ခြိမ်းခြောက်နေခြင်းဖြစ်သည်။ အဆိုပါလေကြောင်းကာကွယ်ရေးစနစ်ကို အိန္ဒိယနှင့် တူရကီက ဝယ်ယူလိုနေခြင်း**ဖြစ်သည်။ ခြိမ်းခြောက်ခံနေရသော်ငြား ဆက်လုပ်သွားလိုကြောင်း ဒေါ်လာ ၅ ဒသမ ၆ ဘီလျံ တန်ဖိုးရှိသည့် ရုရှားလေကြောင်းကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ အိန္ဒိယအစိုးရက ဆိုသည်။ "လေကြောင်းကာကွယ်ရေးစနစ် **ဝယ်မယ့်ကိစ္စက ပြီးသလောက်ဖြစ်နေပါပြီ၊ ဒါကို ဆက်လုပ်သွားမှာပါ**။ အမေရိကန်အစိုးရကိုလည်း ဆုံးဖြတ်ချက်အကြောင်း ပြောပြသွားမှာပါ" ဟု အဆင့်မြင့်အရာရှိတစ်ဦးကို ကိုးကားကာသတင်းက ဆိုသည်။ ယခုသီတင်းပတ်နှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့က အမေရိကန်မှ ဝန်ကြီးများနှင့်တွေ့ဆုံကာ မဟာဗျူဟာမြောက်နှစ်ဖက်ကိစ္စရပ်များကို ဆွေးနွေးသွားကြမည်ဖြစ်သည်။ ထိုကိစ္စကြောင့် ပိတ်ဆို့အရေးယူမခံရစေရန် အိန္ဒိယက ကြိုးပမ်းသွားမည်ဖြစ်သည်။ ယင်းအတွက် အာမ မခံနိုင်ဟု အမေရိကန်အရာရှိများက အစောပိုင်းက ပြောကြားခဲ့ဖူးသည်။

**(RT, 8.9.18)** ချယ်ရီ

www.free4readers.com

## လက်ကောက်ဝတ်တွင် နာရီကဲ့သို့ ပတ်ထားနိုင်မည့် စမတ်ဖုန်း

လက်ကောက်ဝတ်နေရာမှာ နာရီပတ်ထားသလိုမျိုးပတ်ကာ ဝတ်ဆင်ထားနိုင်မယ့် စမတ်ဖုန်းကို တရုတ်မိုဘိုင်းကုမ္ပဏီတစ်ခုဖြစ်တဲ့ **Nubia က မိတ်ဆက်ပြသခဲ့ပါတယ်။ Nubia Alpha လို့ အမည်ပေးထားပြီး ဝတ်ဆင်ထားနိုင်တဲ့ ကမ္ဘာ့အဆင့်မြင့်ဆုံးစမတ်ဖုန်းလည်း ဖြစ်တယ်**လို့ သိရပါတယ်။ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့မှာ ကျင်းပခဲ့တဲ့ IFA 2018 ကွန်းဖရင့်စ်မှာ ထည့်သွင်းပြသသွားခဲ့တာဖြစ်ပါတယ်။ **ကွေးညွှတ်နိုင်တဲ့ LED မျက်နှာပြင်နဲ့ စမတ်ဖုန်းမျက်နှာပြင်က ပလတ်စတစ် ပုံစံခွက်အလယ်မှာရှိနေပြီး သတ္တုလက်ပတ်ကြိုးနဲ့ သာမန်နာရီလိုမျိုး**




ဝတ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ **An-droid စနစ်အသုံးပြုထားပြီး စမတ်ဖုန်းတစ်လုံးရဲ့ မပါမဖြစ်တဲ့လုပ်ဆောင်ချက်တွေအားလုံးကို ထည့်သွင်းထားတယ်**လို့ သိရပါတယ်။ **4G Network ချိတ်ဆက်မှုရတဲ့အပြင် ကင်မရာလည်းပါရှိကာ Selfie ရိုက်တာနဲ့ ဗီဒီယိုဖုန်းခေါ်ဆိုမှုတွေလည်း ပြုလုပ်နိုင်ပါတယ်။** တရုတ်နိုင်ငံမှာ ယခုနှစ်ကုန်ပိုင်းကစပြီး မိတ်ဆက်ရောင်းချသွားမှာဖြစ်ပြီး **ကမ္ဘာတစ်ဝန်းလုံးကိုတော့ ၂၀၁၈ ခုနှစ်ကုန်ပိုင်းလောက်မှ ဖြန့်ချိမယ်**လို့သိရပါတယ်။ ဒီလက်ပတ်စမတ်ဖုန်းကို **တစ်လုံးကို ဒေါ်လာ ၁၀၀၀ ဝန်းကျင်လောက်**ကျသင့်မယ်လို့ Nubia ရဲ့ တာဝန်ရှိသူက ဆိုပါတယ်။

**(DM, 8.9.18)** သံသာ




## အင်္ဂါဂြိုဟ်ပေါ်ထိ နယ်ချဲ့မည်ဟု ထုတ်ပြန်ထားသည့် ယူအေအီးနိုင်ငံ၏ အာကာသယာဉ်မှူးနှစ်ဦးကို ကြေညာခဲ့




ယူအေအီးနိုင်ငံအတွက် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာအာကာသစခန်းထိ ခြေဆန့်မယ့် အာကာသခရီးစဉ်မှာ လိုက်ပါသွားကြမယ့် အာကာသယာဉ်မှူးနှစ်ဦးကို ယူအေအီးအစိုးရက ထုတ်ပြန်ကြေညာထားခဲ့ပါတယ်။ ယူအေအီးနိုင်ငံရဲ့ ဒုတိယသမ္မတလည်းဖြစ်၊ ဝန်ကြီးချုပ်လည်းဖြစ်တဲ့ ရှိတ်ခ်မိုဟာမက်ဘင်ရာရှစ်အယ်မက်ခတွမ်ကိုယ်တိုင် ယူအေအီးနိုင်ငံက အာကာသယာဉ်မှူးနှစ်ဦးကို ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပါတယ်။ ဟက်ဇာအယ်မန်ဆူရီနဲ့ ဆူလ်တန်အယ်လ်နာယာဒီဆိုတဲ့ **အာကာသ ယာဉ်မှူးနှစ်ဦးက လာမယ့် ၂၀၁၉ ခုနှစ်မှာ နိုင်ငံတကာအာကာသစခန်းထိ သွားရောက်ကြမှာဖြစ်တယ်လို့ ရှိတ်ခ်မိုဟာမက်က** ကြေညာခဲ့တာဖြစ်ပါတယ်။ အာကာသအစီအစဉ်မျှော်မှန်းချက်တွေကို တက်ကြွစွာလုပ်ဆောင်လာနေပြီဖြစ်တဲ့ **ယူအေအီးနိုင်ငံက ပထမဆုံးပြည်တွင်းထုတ်ဂြိုဟ်တု Kha-lifaSat ကိုလည်း လာမယ့်အောက်တိုဘာလမှာ ဂျပန်နိုင်ငံကနေ လွှတ်တင်သွားဖို့ မျှော်မှန်းထားတယ်**လို့သိရပါတယ်။ ဒါ့အပြင်**ယူအေအီးက ဂြိုဟ်ပေါ်သွား အာကာသစူးစမ်းယာဉ်တစ်စင်းကိုလည်း ၂၀၂၀ ပြည့်နှစ်မှာ အင်္ဂါဂြိုဟ်ပေါ်ကို လွှတ်တင်သွားဖို့ ကြိုးပမ်းနေကြပြီ**လို့ သိရပါတယ်။ **ယူအေအီးနိုင်ငံအနေနဲ့ ၂၁၁၇ ခုနှစ်မှာ လူဦးရေ ၆၀၀၀၀၀ နေထိုင်နိုင်မယ့် အာကာသမြို့တော်ကြီးနဲ့ အင်္ဂါဂြိုဟ်ပေါ်ထိ နယ်ချဲ့အခြေချသွားဖို့အစီအစဉ်ရှိတယ်**လို့ယခင်ကလည်း ထုတ်ပြန်ထားခဲ့ဖူးပါတယ်။

**(HD, 8.9.18)** သံသာ

## ရေးစာခွေများကဲ့သို့ လိပ်ယူကာ အိတ်ကပ်ထဲ ထည့်သယ်သွားနိုင်သည့် ကမ္ဘာ့ပထမဆုံး တက်ဘလက်အလိပ်



ကနေဒါနိုင်ငံမှ သိပ္ပံပညာရှင်တွေက **လိပ်လို့ရတဲ့မျက်နှာပြင်နဲ့ ကမ္ဘာ့ပထမဆုံးတက်ဘလက်အလိပ်ကို ဖန်တီးပြုလုပ်ခဲ့ကြ**ပါတယ်။ MagicScroll လို့ အမည်ပေးထားပြီး **ကွေးဆန့်နိုင်တဲ့ Touch screen ကို သရီးဒီပုံနှိပ်နည်းပညာနဲ့ ပုံနှိပ်ထုတ်လုပ်ထားတဲ့ ဒုလုံးပုံကိုယ်ထည်ထဲ မှာ လိပ်ပတ်ထည့်သွင်းထားတဲ့ပုံစံ ပြုလုပ်ဖန်တီးထားခဲ့တာဖြစ်ပါတယ်။** Touch screen မျက်နှာပြင်ချပ်ကို ဒုလုံးပုံကိုယ်ထည်ထဲကနေအပြင်ဘက်ကို ဆွဲထုတ်ယူလိုက်ကာ အသုံးပြုနိုင်သလို စာလိပ်အတိုင်း ကြည့်ရှုအသုံးပြုလို့လည်းရတယ်လို့သိရပါတယ်။ ကနေဒါနိုင်ငံ၊ ကွင်းစ်တက္ကသိုလ်ရဲ့ Human Media Lab မှ သုတေသနအဖွဲ့က နမူနာပုံစံထုတ်လုပ်ထားခဲ့တာဖြစ်ပြီး **၇ ဒသမ ၅ လက်မ မျက်နှာပြင်အရွယ်အစားနဲ့ တက်ဘလက်ဖြစ်တယ်**လို့ သိရပါတယ်။ ရေးစာခွေပုံစံလိုမျိုး လိပ်ထားနိုင်တဲ့ တက်ဘလက်ဖြစ်ပြီး ပုံထွက်အရည်အသွေးမြင့်မားတဲ့ **multi-touch display** ဖြစ်တယ်လို့Human Media Labရဲ့ ဒါရိုက်တာ ရိုဝယ်ဗာတီဂယ်က ဆိုပါတယ်။ လက်ဟန်ပြအမူအရာနဲ့ထိန်းချုပ်တဲ့ ကင်မရာစနစ်ကိုလည်း ထည့်သွင်းထားပြီး **နောက်ပိုင်းမှာ ဘောပင်တစ်ချောင်းသာသာလောက်အထိ အရွယ်အစားသေးငယ်အောင် တိုးမြှင့်ဖန်တီးသွားကြဖို့ မျှော်မှန်းထားတယ်လို့** ရိုဝယ်ဗာတီဂယ်က ပြောကြားခဲ့ပါတယ်။

**(DM, 8.9.18)** သံသာ

www.free4readers.com



## အင်္ဂလိပ်စာဆရာဘဝမှ ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင်ဖြစ်လာသည့် ဂျက်ခ်မာ အငြိမ်းစားယူပြီ



အလီဘာဘာကို ပူးတွဲတည်ထောင်ခဲ့သူနှင့် အလီဘာဘာဥက္ကဋ္ဌလည်းဖြစ်သူ အသက် ၅၄ နှစ်အရွယ် ဂျက်ခ်မာက ပညာရေးအသားပေးသည့် ကုသိုလ်ဖြစ်လုပ်ငန်းကို အချိန်ပေးလုပ်ကိုင်နိုင်ရန် စက်တင်ဘာလ ၁၀ ရက်တွင် အလုပ်မှ အနားယူတော့မည်ဟု သည်နယူးယောက်တိုင်းစ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင်ပြောကြားသွားခဲ့သည်။ အင်္ဂလိပ်စာဆရာဖြစ်သူ ၎င်းသည် ၁၉၉၉ ခုနှစ်တွင်အလီဘာဘာကို စတင်တည်ထောင်ခဲ့သည်၊ ပိုက်ဆံမရှိသဖြင့် အပေါင်းအသင်းများထံမှ ဒေါ်လာ ၆၀၀၀၀ ခက်ခက်ခဲခဲ ချေးယူကာ လုပ်ငန်းစခဲ့ရသည့် ၎င်းသည် နှစ်ပေါင်း ၂၀ နီးပါးအကြာတွင်မှ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းထဲဝင်လာသည်၊ ၎င်း၏ပိုင်ဆိုင်မှုသည် ဒေါ်လာ ဘီလျံ ၄၀ ကျော်ရှိသည်ဟု ဘလွန်းဘာ့ဂ်၏ညွှန်းကိန်းအရသိရသည်။ စက်တင်ဘာလ ၁၀ ရက်တွင် အသက် ၅၄ နှစ်ပြည့်မည်ဖြစ်ပြီး ထိုနေ့တွင် အလုပ်မှ အနားယူသွားမည်ဟု အလီဘာဘာ၏ပဲ့ကိုင်ရှင်က ပြောကြားလိုက်ခြင်းဖြစ်သည်။

**အလီဘာဘာသည် တရုတ်တွင် နာမည်အကြီးဆုံးအွန်လိုင်းရောင်းဝယ်ရေးလုပ်ငန်းဖြစ်သည်၊ အွန်လိုင်းငွေပေးချေရေးစနစ်နှင့် ရုပ်ရှင်များအထိပါ ဈေးကွက်ချဲ့လာနေသည့်** အလီဘာဘာတွင် လုပ်ငန်းအပြောက်အမြားရှိသည်။ **တရုတ်ဖေ့စ်ဘွတ်ခ်ဟု ခေါ်ဆိုရမည့် နာမည်ကျော်ဝီဘိုတွင်လည်း အလီဘာဘာက ရှယ်ယာပိုင်ထားသည်၊** ယခုအချိန်တွင် ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ပုဂ္ဂိုလ်ဖြစ်နေသည့် ၎င်းက ၎င်းသည် **ကေအက်ဖ်စီဆိုင်ခွဲတွင် အလုပ်လျှောက်ရာ ရွေးချယ်မခံခဲ့ရပုံနှင့် ဟားဗတ်တက္ကသိုလ်တွင် လျှောက်ထားရာတွင်လည်း ၁၀ ကြိမ်ပယ်ချခံခဲ့ရပုံတို့ကို ပြောပြခဲ့ဖူးသည်၊ ပိုင်ဆိုင်မှုအမြောက်အမြားကို စွန့်လွှတ်လှူဒါန်းလေ့ရှိသည့် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ဘေလ်ဂိတ်အား လေးစားအားကျမိကြောင်း** ၎င်းက မကြာ ခဏ ထုတ်ဖော်ပြောကြားလေ့ရှိသည်။

(CNA, 8.9.18)
ချယ်ရီ

## အာရှပထမဦးဆုံး ဖေ့စ်ဘွတ်ခ်အချက်အလက်စင်တာကို စင်ကာပူ၌ တည်ဆောက်မည်

**ဖေ့စ်ဘွတ်ခ်၏ အာရှပထမဦးဆုံး အချက်အလက်စင်တာကို စင်ကာပူ၌ တည်ဆောက်သွားမည်ဖြစ်ပြီး ဒေါ်လာ တစ်ဘီလျံကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း** သိရသည်။ ယင်းကို **သဘာဝမှရရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့်သာ အပြည့် အဝ လည် ပတ် သွား မည်** ဟု ဖေ့စ်ဘွတ်ခ်က ဆိုသည်။ **အကျယ် ၁ ဒသမ ၈ သန်း စတုရန်းပေရှိမည့်** ယင်းအဆောက်အအုံကို **ရေ၊ စွမ်းအင်နှင့် မြေနေရာ အချွေတာနိုင်ဆုံး ဒီဇိုင်းဖြစ်နေစေရန် ဒီဇိုင်းထုတ်ထားသည်၊** ၁၁ ထပ် အဆောက်အအုံကြီးကို စွမ်းအင်အလုံအလောက်ပေးနိုင်ရန်အလို့ငှာ စင်ကာပူတွင် နေရောင်ခြည်စွမ်းအင်ရင်းမြစ်သစ်များ ရရှိရန် လုပ်ဆောင်သွားမည်ဟု ဖူကာဘာ့ဂ်၏ ကုမ္ပဏီက ဆိုသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည်ဖြစ်သော်ငြား အချက်အလက်စင်တာကြီးသည် ၂၀၂၂ ခုနှစ်ကစကာ စတင်လည်ပတ်သွားဖွယ်ရှိသည်။ ကမ္ဘာအနှံ့တွင် ဖေ့စ်ဘွတ်ခ်က အချက်အလက်စင်တာများ ဖွင့်ထားပြီး **ယခုစင်တာသည် အာရှတွင် ပထမဦးဆုံးဖြစ်ပြီး ကမ္ဘာတွင် ၁၅ ခုမြောက်စင်တာဖြစ်သည်၊** သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ဓာတ်ငွေ့များထုတ်လွှတ်မှုကို ၇၅ ရာခိုင်နှုန်း လျှော့ချသွားရန် စီစဉ်ထားကြောင်းနှင့် **၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးရှိဖေ့စ်ဘွတ်ခ်ရုံးများ သဘာဝစွမ်းအင်ဖြင့်သာ လုပ်ငန်း အပြည့်အဝ လည်ပတ်သွားနိုင်ရန် ရည်မှန်းထားကြောင်း** ဖေ့စ်ဘွတ်ခ်က ဆိုသည်။ ဂူဂဲလ်သည်လည်း စင်ကာပူတွင် အချက်အလက်စင်တာနှစ်ခု ဖွင့်လှစ်ထားသည်။



(DM, 8.9.18) ချယ်ရီ

## ထိုင်ဝမ်ကိစ္စအငြင်းပွားမှုကြောင့် နိုင်ငံသုံးနိုင်ငံမှ အမေရိကန်သံတမန်များကို ပြန်ခေါ်



ဒိုမီနီကန် အယ်လ်ဆယ်လ်ဗာဒိုနှင့် **ပနားမားတို့က ထိုင်ဝမ်ကို ဆက်လက်အသိအမှတ် မပြုတော့သည့်အတွက် ထိုနိုင်ငံရှိ သံတမန်များကို ပြန်ခေါ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်အစိုးရက** ပြောကြားလိုက်သည်။ **တရုတ်နှင့် အဆင်ပြေစေရန်အလို့ငှာ ထိုင်ဝမ်နှင့် သံတမန်ဆက်ဆံရေး အဆက်အသွယ်ဖြတ်လိုက်သည့်နိုင်ငံများသည်ထက်များလာနေသဖြင့်** ယင်းအရေးကို အမေရိကန်အစိုးရ စိုးရိမ်ပူပန်နေသည်။ အယ်လ်ဆယ်လ်ဗာဒိုက ပြီးခဲ့သည့်လတွင် တရုတ်ဘက် ပါသွားပြီး ဒိုမီနီကန်ကလည်း မေလတွင်၊ ပနားမားကလည်း ပြီးခဲ့သည့်နှစ်တွင် တရုတ်ဘက်ယိမ်းသွားတော့သည်။ **ထိုင်ဝမ်သည် ယခုအခါ နိုင်ငံပေါင်း ၁၇ နိုင်ငံနှင့်သာ သံတမန်အဆက် အသွယ်ရှိတော့သည်၊** ထိုနိုင်ငံများအားလုံးသည်လည်း ဆင်းရဲနွမ်းပါးသည့် နိုင်ငံငယ်လေးများသာဖြစ်သည်။ **အခြားသော နိုင်ငံအများစုကဲ့သို့ပင် အမေရိကန်အစိုးရသည် ထိုင်ဝမ်နှင့် သံတမန်ဆက်ဆံရေးမရှိသော်လည်း ၎င်းသည် ထိုင်ဝမ်ကို လက်နက်အဓိကရောင်းချနေသည့်နိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ထိုင်ဝမ်ဘက်မှ ထောက်ခံပေးနေသည့်နိုင်ငံဖြစ်သည်။** တရုတ်သည် စီးပွားရေးအခွင့်အလမ်းများ ဝန်းပြကာ နိုင်ငံများကို ၎င်းဘက် ပါလာစေရန် သိမ်းသွင်းနေကြောင်း အမေရိကန်အစိုးရက ပြီးခဲ့သည့်လတွင် သတိပေးစကား ပြောကြားခဲ့သည်။

(CNA, 8.9.18)
ချယ်ရီ

## ရေအောက်တွင် ရေငုပ်ကာ ယှဉ်ပြိုင်ရသည့် ကမ္ဘာ့ရေငုပ်စစ်တုရင်ပြိုင်ပွဲ



**စစ်တုရင်ကျွမ်းကျင်မှုအပြင် ရေငုပ်ကျွမ်းကျင်မှုနဲ့ သက်လုံကောင်းဖို့ မဖြစ်မနေလိုအပ်တဲ့ ထူးခြားတဲ့ ရေအောက်စစ်တုရင်ပြိုင်ပွဲကြီးကို** ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့မှာ ကျင်းပသွားခဲ့ပါတယ်။ ကမ္ဘာ့ရေငုပ်စစ်တုရင်ချန်ပီယံပြိုင်ပွဲကြီးအဖြစ် အမည်ပေးထားတဲ့ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြသူတွေက **ရေကန်အောက်ထဲမှာ ချထားတဲ့ စစ်တုရင်ခုံထိ ရေငုပ်သွားပြီး ရေအောက်ထဲငုပ်နေရင်းနဲ့ စစ်တုရင်အကွက်တွေရွှေ့ကစားကြရတာဖြစ်ပါတယ်၊ စည်းမျဉ်းကတော့ တစ်ဖက်ကစားသမားက ရေငုပ်ပြီး အကွက်တစ်ကွက်ရွှေ့ခဲ့ပြီးမှာ ရေပေါ်တက် အသက်ရှူခွင့်ရတဲ့အချိန် ကျန်တစ်ဖက်က ကစားသမားက ရေအောက်ပြန်ငုပ်ရပြီး ပထမကစားသမားရဲ့အကွက်ကို ပြန်လည်တုံ့ပြန်နိုင်တဲ့ ကစားကွက်ကို ရွှေ့ကာ ယှဉ်ပြိုင်ကြရတာဖြစ်ပါတယ်၊** ဒီလိုနည်းနဲ့ တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် အကွက်ရွှေ့ကစားကြရကာ အနိုင်ကွက်ရွှေ့နိုင်တဲ့အထိ တစ်လှည့်စီ ရေငုပ်ကြရတာဖြစ်ပါတယ်။ ရေအောက်မှာ စစ်တုရင်ထိုးရတာက သာမန်စစ်တုရင်ထိုးကစားနည်းထက် ပိုပြီးစိတ်လှုပ်ရှားစရာကောင်းတယ်လို့ ပြိုင်ပွဲစီစဉ်သူတွေက ဆိုပါတယ်။

(UPI, 8.9.18) သံသာ

## တောနက်ထဲ ပျောက်ဆုံးသွားခဲ့သည့် တစ်နှစ်သားကလေးကို ငါးရက်ကြာပြီးနောက် အသက်ရှင်လျက် ပြန်တွေ့



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ်က **တောနက်ထဲ ပျောက်ဆုံးနေခဲ့တဲ့ တစ်နှစ်သားအရွယ်ကလေးငယ်လေးကို ငါးရက်အကြာမှာ အသက်ရှင်လျက် ပြန်ရှာတွေ့ခဲ့တယ်လို့**သိရပါတယ်။ **ငါးရက်တိုင်တိုင် အစာမစား၊ ရေမသောက်ဘဲ တောနက်ထဲ လမ်းပျောက်နေခဲ့ပေမယ့်** ကံအားလျော်စွာနဲ့ပဲ ကလေးကို အသက်ရှင်လျက် ပြန်ရှာတွေ့ခဲ့ကြတာဖြစ်ပါတယ်။ ချန်ချင်ရန်လို့ အမည်ရတဲ့ အမျိုးသားတစ်ဦးရဲ့ သမီးလေးဖြစ်ပြီး အိမ်နောက်ဖေးဘက်ကနေ လမ်းလျှောက်ရင်း တောထဲရောက်ပြီး ပျောက်သွားခဲ့တာလို့ သိရပါတယ်။ ချန်ချင်ရန်ရဲ့**အိမ်က တောစပ်နားမှာ တည်ရှိပြီး ကလေးက မောင်နှမတွေနဲ့အတူ ဆော့ကစားနေရင်းကနေ ပျောက်ဆုံးသွားခဲ့တာပါ။ လမ်းလျှောက်တတ်စဖြစ်နေတဲ့** သမီးလေး ရှောင်ကျောင်းပျောက်ဆုံးသွားခဲ့တာကြောင့် ကယ်ဆယ်ရှာဖွေရေးအဖွဲ့နဲ့ ဒေသခံတွေ စုစုပေါင်း ၇၀၀ ဦးကျော်က တောထဲမှာ နေ့ရောညပါ အဆက်မပြတ်ရှာနေခဲ့ကြတာဖြစ်ပြီး ငါးရက်မြောက်နေ့မှာ ဒေသခံလှုပ်စစ်ဝန်ထမ်းတစ်ဦးက ခြုံတွေကြားမှာ လဲကျနေရှာတဲ့ သမီးလေးကို ရှာတွေ့သွားခဲ့တာပါ။ **ရေဓာတ်ကုန်ဆုံးနေပြီး ပိုးကောင်တွေ ကိုက်ခံထားရတဲ့ သမီးလေးကို** ဆေးရုံကို ပို့ဆောင်နိုင်ခဲ့ပါတယ်။ ငါးရက်လောက် အစာရေစာငတ်မွတ်နေခဲ့ပေမယ့် သမီးလေးရှောင်ကျောင်းက အသက်ရှင်နေဆဲဖြစ်တာကြောင့် အံ့အားသင့်ဖွယ်ပါပဲလို့ ဆရာဝန်တွေက ဆိုပါတယ်။ သမီးလေးကို အားသွန်ခွန်စိုက်ဝိုင်းဝန်းကူညီရှာဖွေပေးခဲ့ကြသူတိုင်းကို ဖခင်ဖြစ်သူက ကျေးဇူးတင်နေပြီး သမီးလေးရဲ့ အသက်ကို ကယ်ပေးခဲ့ကြတဲ့ ကယ်တင်ရှင်တွေပါလို့ ပြောကြားခဲ့ပါတယ်။

(DM, 8.9.18) သံသာ

# Memorable Moments at Mercure Dinner Show ကျင်းပမည်



**Mercure Yangon Kaba Aye Hotel နှင့် Aroma တို့ စီစဉ်ကျင်းပသော** Memorable Moments At MercureDinner Show ပွဲကြီးကို စက်တင်ဘာလ ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ရာ **လာမည့်နှစ်အတွင်း မင်္ဂလာဆောင်ကြမည့် စုံတွဲ ၁၀၀ ကိုလည်း Dinner အတွက် ဖိတ်ကြားသွားမည်ဟု** သိရသည်။

ထို့အပြင် Myanmar Wedding TalkrSPre Wedding ရိုက်ကူးလိုသော စုံတွဲများအား ရွေးချယ်၍ Pre Wedding Free ရိုက်ကူးခွင့်များကို မနက် ရှစ်နာရီမှစ၍ Hotel ၏ လှပသော Decorationrsm နှင့် ရိုက်ကူးပေးသွားမည်ဟုသိရသည်။

အဆိုပါ Show တွင် **နာမည်ကျော်အနုပညာရှင်များက အမှန်တကယ် မင်္ဂလာပွဲပုံစံ Show ကို ထူးခြားစွာ တင်ဆက်သွားမည်ဖြစ်ကြောင်းလည်း** သိရသည်။

၀၂၅

ပြည်မြန်မာ သတင်းဂျာနယ်
ဖုန်း - ၀၁ - ၃၉၂၉၂၀၊ ၃၇၅၂၉၃၊ ၃၉၂၇၃၉

# ရှမ်းပြည်မြောက်ပိုင်းမှ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းမှ တစ်နှစ်လျှင် ဓာတ်အား ယူနစ် ၂၆၂၀ ထုတ်လုပ်ရန် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မည်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်ရှိ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းမှ တစ်နှစ်လျှင်ဓာတ်အား ယူနစ် ၂၆၂၀ သန်းထုတ်လုပ်နိုင်ရေး အတွက်ရေအားလျှပ်စစ်စီမံကိန်း ဆက်လက် အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် Notice to Proceed (NTP) ကို **စီမံကိန်း အကောင် အထည်ဖော်ဆောင်ရွက်မည့် ပြင်သစ်နိုင်ငံ Electricite De France S.A (EDF)၊ ဂျပန်နိုင်ငံ Marubeni Corporation နှင့် မြန်မာနိုင်ငံဧရာဟသ်ာကုမ္ပဏီ တို့ကို ပေးအပ်ခဲ့ကြောင်း** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

"ဒီစီမံကိန်းက ထုတ်လုပ်မယ့်ဓာတ်အားက မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း ပေးမှာဖြစ်သလို အစိုးရအနေနဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက လျှပ်စစ်ဓာတ် အားထုတ်လုပ်မှုလုပ်ငန်းတွေမှာ ပုဂ္ဂလိကကဏ္ဍက ပါဝင်ဆောင်ရွက်မှုကိုလည်း ကြိုဆိုတယ်ဆိုတာကိုပြတာဖြစ်ပါတယ်" ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်တွင် တည်ရှိပြီး **ရွှေလီမြစ်ပေါ်ရှိ အဆင့်ဆင့် သောတမံများမှ တစ်ခုဖြစ်ကာ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း (၆၇၁) မဂ္ဂါဝပ်သည် လက်ရှိလည် ပတ်နေသော ရွှေလီ (၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (၆၀၀) မဂ္ဂါဝပ်နှင့် အနာဂတ်စီမံကိန်း တစ်ခုဖြစ်သည့် ရွှေလီ (၂) ရေအားလျှပ်စစ်စီမံကိန်း (၅၂၀) မဂ္ဂါဝပ်တို့မှ ထုတ်လွှတ်လိုက်သည့် ရေကိုအကျိုးရှိစွာသုံးစွဲပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဖြစ်ရာ** ရွှေလီမြစ်ပေါ်ရှိ အဆင့်ဆင့်သော ရေအားလျှပ်စစ်စီမံကိန်းများ၏ တပ်ဆင်စက်အင်အားသည် ၁၇၉၁ မဂ္ဂါဝပ်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် **ဖြစ်ပေါ်လာမည့် လျှပ်စစ်ဓာတ်အားသုံးစွဲလိုမှု ၈၀၀၀ မဂ္ဂါဝပ်မှ ၁၀၀၀၀ မဂ္ဂါဝပ်အတွက်တစ်ဖက်တလမ်းမှ အထောက်အကူပြုမည်ဖြစ်ပြီး** စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး

Photo : MOEE

Visit
The 5th International Processing & Packaging Exhibition for Myanmar
ပဉ္စမအကြိမ်မြောက် နိုင်ငံတကာထုတ်လုပ်ခြင်းနှင့် ထုတ်ပိုးခြင်းဆိုင်ရာပြပွဲ

PROPAK MYANMAR

New Venue
13-15 September 2018
Yangon Convention Centre (YCC), Yangon
Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.
Pre-register at www.propakmyanmar.com
Contact Ya Mone at Tel: +95 1378 975 or Yamone.oo@ubm.com

Including:
- Over 200 Exhibitors from 13 countries
- 6 International Pavilions from China, Italy, Japan, Singapore, Taiwan, Thailand
- Industry Conferences & Seminars



Supported by: MFPEA MIA FoSTA Retailers Association AHK
Gold Sponsor by: GC
Organised by: UBM

Myanmar's Largest International Manufacturing Machinery, Equipment, Materials, Services and Subcontracting Event

Pre-register at
reg.ubmmyanmar.com

INTERMACH MYANMAR
MTA MYANMAR
SUBCON MYANMAR
Industrial Subcontracting Exhibition

11-13 OCTOBER 2018
Yangon Convention Centre (YCC)
Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.
9.00-17.00 hrs.
NEW VENUE

The Most Comprehensive Manufacturing Event
Over 80 International Brands
More than 500 pieces of Quality Industrial Parts
4 Group Pavilions



Supported by
Co-located Events
MYANMARWATER
RENEWABLE ENERGY RE MYANMAR
Organised by UBM
UBM Myanmar
T: +95 1378 975
- www.intermachmyanmar.com
- www.MTAmyanmar.com
- www.subconmyanmar.com

www.free4readers.com

www.free4readers.com

## အမျိုးသမီးများ ဦးဆောင်သည့် အာရှအသန့်ရှင်းဆုံးရွာ

ကမ္ဘာ့အညစ်ညမ်းဆုံးမြို့ကြီးများ အိန္ဒိယတွင် ရှိနေသော်လည်း အာရှတွင် အသန့်ရှင်းဆုံးဟုဆိုနိုင်မည့် ရွာလေးသည် အိန္ဒိယတွင်ပင်ရှိနေသည်။ အိန္ဒိယ အရှေ့မြောက်ပိုင်းတွင် မော်လီနွန်ဆိုသည့်နိဗ္ဗာန်ဘုံလေး ပုန်းလျှိုးကွယ်လျှိုး တည်ရှိနေခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နှင့် နယ်မြေချင်းထိစပ်နေသည့် နယ်စပ်အနီး တည်ရှိသော ထိုရွာလေးသည် **အလွန်သေးငယ်သည့်ရွာဖြစ်ပြီး လူဦးရေ ၅၀၀ သာ ရှိသည်။** ယင်းဒေသတွင် ကိုင်ဆီ ဆိုသည့်မျိုးနွယ်စု နေထိုင်သည်။ ၎င်းတို့တွင် ကိုယ်ပိုင်ရိုးရာလည်း ရှိသည်။ **အထူးခြားဆုံး ရိုးရာမှာ အဆိုပါရွာသည် အမျိုးသမီးများ ကြီးစိုးသည့်ရွာဖြစ်နေခြင်းပင်။ အိမ်ထောင်ကျလျှင် အမျိုးသားသည် အမျိုးသမီး၏အိမ်တွင်သာ လိုက်နေရပြီး ကလေးမှာ မိခင်၏မျိုးရိုးနာမည်ကိုသာ ယူရကာ အမွေကိုလည်း အငယ်ဆုံးသမီးကသာ ဆက်ခံရလေ့ရှိသည်။** အမျိုးသားများသာ ကြီးစိုးသည့် အိန္ဒိယတွင် အမျိုးသမီးကြီးစိုးသည့်ရွာ ရှိနေခြင်းမှာ အံ့ဖွယ်ပင်။ သို့သော် ဒေသခံများသည် သန့်သန့်ရှင်းရှင်းနေတတ်သဖြင့် ရွာမှာ စတင်နာမည်ကြီးလာခြင်းဖြစ်သည်။ **အာရှတွင် အသန့်ရှင်းဆုံးရွာဟူသော ဂုဏ်ပုဒ်ကို** Discover India က ၂၀၀၃ ခုနှစ်တွင် ရွာအား ပေးအပ်လိုက်ခြင်းဖြစ်သည်။ တစ်ချိန်က ဆင်းရဲခဲ့သည့် ရွာသန့်သန့်လေးသည် ထိုအချိန်မှစကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီး ချမ်းသာလာတော့သည်။ **ရွာရှိ မည်သည့်နေရာတွင်မဆို ကြိမ်ခြင်းလေးများကိုတွေ့ရမည်ဖြစ်ပြီး အမှိုက်ကို ထိုထဲသို့သာပစ်ရသည်။** သို့သော် ပလတ်စတစ်အိတ်ကို ရွာတွင် မသုံးရသကဲ့သို့ အမှိုက်ခြင်းထဲလည်း ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပစ္စည်းအမှိုက်များ မထည့်ရပေ။ **ခရီးသွားများသည်လည်း ၎င်းတို့၏ ပလတ်စတစ်အမှိုက်များကို ၎င်းတို့နှင့်တစ်ပါတည်းသာ ပြန်ယူသွားရသည်။** ပလတ်စတစ်အမှိုက်ပစ်သူကို ဒဏ်ငွေကြီးလေးစွာ ချမှတ်သည်။ ရွာသူရွာသားများသည် ရွာသန့်ရှင်းရေးကို လက်နှင့်မပြတ်အောင် လုပ်ကြသည်။ ဤနည်းဖြင့် ရွာပတ်ဝန်းကျင်မှာ အလွန်သန့်ရှင်းပြီး လေထုမှာလည်း အလွန်တရာပင် သန့်ရှင်းသည်။ **(AC, 8.9.18) ချယ်ရီ**



## ကမ္ဘာ့အသက်အကြီးဆုံး ဒီဂျေဘွားဘွား



**အသက် ၈၃ နှစ်အရွယ် ဂျပန်အမျိုးသမီးကြီးသည် ကမ္ဘာ့အသက်အကြီးဆုံး ကလပ် ဒီဂျေသမားဟု** ဂင်းနက်စ်ကမ္ဘာ့စံချိန်အဖွဲ့က ကြေညာလိုက်သည်။ ဒီဂျေဆူမိရော့ခ်ဟု လူသိများသည့် ဆူမိကိုအိုင်ဝါမူရာသည် **အသက် ၇၇ နှစ်တွင်မှ ဒီဂျေကျောင်း စတက်ခဲ့ခြင်းဖြစ်ပြီး** ၎င်း၏အရည်အချင်းကိုလည်း ထိုကျမှသိသွားတော့သည်။ **တရုတ်စားသောက်ဆိုင်ဖွင့်လှစ်ကာ ကိုယ်တိုင်ချက်ပြုတ်စီမံလေ့ရှိသည့် ၎င်းသည် ကလပ်တွင်ပါ ဒီဂျေသမားအဖြစ် အလုပ်လုပ်ခြင်းဖြစ်သည်။ ဂျပန်ရှိ ကလပ်တွင်သာမက ပြင်သစ်နှင့် နယူးဇီလန်အထိပါ အရောက်သွားပြီး ပရိသတ်ကို ဖျော်ဖြေဖူးသေးသည်။** ဒီဂျေသမားအလုပ်သည် စားသောက်ဆိုင် စီမံခန့်ခွဲရသည့်အလုပ်နှင့် မခြားနားလှဟု ၎င်းကဆိုသည်။ '**ကိုယ့်လက်ရာ ကောင်းတယ်၊ မကောင်းတယ်ဆိုတာချက်ချင်းကို သိရတာလေ။ ဒီတော့ နှစ်မျိုးလုံးက အတူတူလောက်ပါပဲ**' ဟု ၎င်းက ရှင်းပြသည်။ 'ကိုယ့်တီးလုံးကို သူတို့မကြိုက်ဘူးဆိုရင်ကတဲ့နေရာမှာ မနေတော့ဘဲ အရက်ဘားရှိတဲ့ဆီဘက်ပဲ သွားကြတော့မှာ။ ကောင်းတယ်ဆိုရင်၊ မြူးတယ်ဆိုရင်တော့ သူတို့တွေအားရပါးရ ဆက်ကကြမှာလေ' ဟု ၎င်းက ပြောပြသည်။

(UPI, 8.9.18)
ချယ်ရီ

## တောင်၊ မြောက်ကိုရီးယားနယ်စပ်ရှိ မိုင်းများကို ဖယ်ရှားသည့်လုပ်ငန်းသည် နှစ်ပေါင်းရာချီ၍ ကြာနိုင်

**တောင်နှင့်မြောက်ကိုရီးယားကို ခြားထားသည့် စစ်မဲ့ဇုန်ရှိ မိုင်းများကို ရှင်းလင်းရေးလုပ်ငန်းစဉ် မည်မျှကြာမြင့်မည်ဆိုသည်ကို တောင်ကိုရီးယားစစ်တပ်က တွက်ချက်လိုက်သည်။ မိုင်းအားလုံးကို ဖယ်ရှားရန်မှာ နှစ်ပေါင်း ၂၀၀ ခန့်ကြာနိုင်သည်ဟု** တောင်ကိုရီးယားကြည်းတပ် ကိုယ်စားလှယ်က ဆိုသည်။ **နယ်စပ်တွင် တာဝန်ထမ်းဆောင်နေသည့် အင်ဂျင်နီယာအဖွဲ့ ၁၀ ဖွဲ့လုံး ပါဝင်ဆောင်ရွက်လျှင်သော်မှ ထိုမျှအထိကြာသွားနိုင်သည်ဟု** သိရသည်။ ငြိမ်းချမ်းရေးအတွက် ပြင်ဆင်သည့်အနေဖြင့် မိုင်းရှင်းလင်းရေးစီမံကိန်းများအတွက် အထူးစင်တာ တည်ဆောက်ပေးထားသင့်သည်ဟု အစီရင်ခံစာက ဆိုသည်။ **မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ် မြန်လိုလျှင် နည်းပညာသစ်များ၊ အထူးသဖြင့် ဒရုန်းများနှင့် အဝေးမှထိန်းချုပ်ကာ မိုင်းခွဲသည့်နည်းပညာများကို သုံးရမည်ဟု** အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ တောင်၊မြောက် ခေါင်းဆောင်ကြီးနှစ်ဦးသည် စက်တင်ဘာလလယ်တွင် သုံးကြိမ်မြောက် တွေ့ဆုံကြမည်ဖြစ်သည်။ ခေါင်းဆောင်ကြီးနှစ်ဦး အကြိမ်ကြိမ်တွေ့ဆုံနေသဖြင့် နှစ်နိုင်ငံဆက်ဆံရေးမှာ ယခင်ကဲ့သို့မဟုတ်ဘဲ အတန်ငယ် အဆင်ပြေချောမွေ့လာနေပြီဖြစ်သည်။ ထို့ကြောင့်ပင် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်ကို စဉ်းစားလာကြခြင်းဖြစ်သည်။



**(HOM, 8.9.18) ချယ်ရီ**


ပြည်မြန်မာ K-pop news

ကိုရီးယား အနုပညာသတင်း

ချယ်ရီ



### နစ်ကီမီနာ့ဂျ် ပါထားတဲ့ ဗီဒီယိုအသစ်ကိုဖြန့်လိုက်တဲ့ BTS

ကမ္ဘာကျော်အဆိုတော် နစ်ကီမီနာ့ဂျ်ပါတဲ့ ဂီတဗီဒီယိုအသစ်ကို BTS အဖွဲ့က ဖြန့်လိုက်ပါပြီ။ ပုံစံတစ်မျိုးနဲ့ဆိုထားတဲ့ Idol သီချင်းကို အသက် ၃၅ နှစ်အရွယ် ထိတ်ထိတ်ကြဲအမေရိကန်ရက်ပါက အားဖြည့်ပေးထားတာပါ။



### ကြည့်ရှုမှုအကြိမ်ရေ သန်း ၁၀၀ ကျော်သွားတဲ့ Twice ရဲ့ Dance the Night Away

ခေတ်ကာလတွေ ပြောင်းလာတာနဲ့အမျှ ကိုရီးယားနာမည်ကျော်အဖွဲ့တွေဟာလည်း ပြောင်းလာနေပါပြီ။ လက်ရှိ နာမည်အကြီးဆုံး ကိုရီးယားမိန်းကလေး အဆိုတော်အဖွဲ့ကို ပြပါဆိုရင် Twice အဖွဲ့ကိုပဲ ပြရမှာပါ။ သူတို့ဆိုထားတဲ့ Dance the Night Away သီချင်းဟာဆိုရင်လည်း ယူကျူမှာ ကြည့်ရှုမှုအကြိမ်ရေ သန်း ၁၀၀ ကျော်သွားပြန်ပြီလေ။ သူတို့ဆိုထားတဲ့ Heart Shaker၊ Knock Knock နဲ့ Likey တို့လည်း အဲဒီလိုပဲ ဝက်ဝက်ကွဲ အောင်မြင်ခဲ့ပါတယ်။

www.free4readers.com



www.free4readers.com

ပြည်မြန်မာ အချုပ်ပို
Supplement A



တ-B
ခြင်းခတ်နေသည့်
နိုင်ငံတော်သမ္မတ၏ပုံ စိတ်ဝင်စားသူ များပြား



Photo - MMK
တ-၁၁၊ B
ဆရာတော်ဦးဥတ္တမနေ့ အခမ်းအနား
ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် ကျင်းပ



တ-B
ပုဇွန်တောင်မြို့နယ် ဗန္ဓုလကွန်ဒို ၉ လွှာမှ
၁၅ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး ခုန်ချမှု ဖြစ်ပွား



Photo - HAP
တ-၉
ဗုယွင်အထည်ချုပ်စက်ရုံ
ကိစ္စ အမြန်ဖြေရှင်းပေးရန်
ရန်ကုန်မြို့လိုင်သို့ ဆန္ဒထုတ်ဖော်

ဒေါက်တာအေးမောင်နှင့်
ဝေဟင်အောင်တို့အား
ပုဒ်မနှစ်ခုဖြင့် စွဲချက်တင်
တ-C



တ-၇
ဒ္ဓလေးမြို့ပုံရိပ်ကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိ
သတင်းအမှားတင်သူများကို အရေးယူမည်



ဓာတ်ပုံ-ချယ်လူးအောင် (DMG)
မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင်
နေထိုင်သူများအား ရိက္ခာထောက်ပံ့မည့်အစီအစဉ်ကို ကန့်ကွက်ဆန္ဒထုတ်ဖော်
တ-B



www.free4readers.com



















GIORENZO လွယ်ကြိုးဝတ်၊ ကလေးဝတ် အကျီအောင်းတီမျိုးစုံ၊ အနွေးထည်၊ ဦးထုပ်နှင့် အိတ်များကို အမြို့မြို့အနယ်နယ်ရှိ SUPERMARKET များ၊ STORE ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။